# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက် အင်္ဂါနေ့။ Tuesday, 11 July 2017 (၈၉၈၂)


**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)



မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ထုတ်ပြန်ကြေညာသည့် အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

# ဝန်ထမ်းများ ရာထူးတိုးမြှင့်ရာတွင် ဘက်လိုက်မျက်နှာသာပေးခြင်းနှင့် နီးစပ်သူကို ချီးမြှောက်သည်ဟု အထင်အမြင် စိုးစဉ်းမျှမရှိစေရန် အစွမ်းကုန်ကြိုးစားရမည်

## နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာသည့်အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ထုတ်ပြန်ကြေညာသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

**လစာတိုးမြှင့်ရေးသည် ဝန်ထမ်းများ မျှော်လင့်သကဲ့သို့ ချက်ချင်းမဖြစ်နိုင်သေးသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဝန်ထမ်းများကို သစ္စာရှိစွာ နှစ်ရှည်လများ တာဝန်ထမ်းဆောင်ပြီးချိန်တွင် လုံလုံခြုံခြုံ သိက္ခာရှိရှိ နေထိုင်နိုင်ရန် အိမ်ရာများဆောက်လုပ်ပေးမည်…**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂူဂျာရတ်ပြည်နယ် အာမက်ဒါဘတ်မြို့တွင် ကြည့်ရှုလေ့လာ စာမျက်နှာ - ၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားဘဏ်များ အပေါ်ထားရှိသည့် ကန့်သတ်ချက်များကို တစ်ဆင့်ချင်း ဖြေလျှော့သွားမည် ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅

ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိ အမျိုးသားလွှတ်တော် စာမျက်နှာ - ၅










## ကြေးမုံ

# လွတ်လပ်စွာပြောဆိုနိုင်ရေးကိုသတိမူ

ဒီမိုကရေစီခေတ်ကာလကို ဖြတ်သန်းရာတွင် လူတိုင်းလူတိုင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ရေးကို အလိုရှိကြသည့်နည်းတူ လွတ်လပ်စွာပြောဆိုခွင့်လည်းရရှိလာကြသည်။ တစ်ချိန်က နှုတ်အားဖြင့်လည်းကောင်း၊ ပုံနှိပ်စာမျက်နှာများမှလည်းကောင်း ပွင့်ပွင့်လင်းလင်းထုတ်ဖော်ပြောဆိုကြရာတွင် မှန်ကန်မှုမရှိပါက အသရေဖျက်မှုဖြင့် တရားစွဲခြင်းခံရသော အမှုမျိုးသာရှိခဲ့ပြီး ကြီးကြီးမားမားပြဿနာမျိုးမရှိချေ။ မှန်ကန်မှုရှိပါက လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရှိလာကြသည်ကို တွေ့ရသည်။ ဤသည်မှာ ဒီမိုကရေစီစနစ်၏ အကျိုးခံစားခွင့်များဟု ဆိုနိုင်သည်။

မျက်မှောက်ကာလ သတင်းအချက်အလက်နှင့်နည်းပညာများ တိုးတက်ထွန်းကားလာသောခေတ်တွင် နှုတ်အားဖြင့်လည်းကောင်း၊ ပုံနှိပ်စာမျက်နှာများမှလည်းကောင်း ပြောဆိုမှုများအပြင် လူမှုကွန်ရက်စာမျက်နှာများပေါ်မှနေ၍ လူတိုင်းလူတိုင်း လွတ်လပ်စွာပြောဆိုဝေဖန်နိုင်ခွင့်ရလာကြသည်ကိုတွေ့ရသည်။ ဤသည်မှာလည်း ဒီမိုကရေစီအနှစ်သာရများဟု ဆိုရမလိုဖြစ်သည်။ အမှန်တကယ်တွင် မည်သည့်ကဏ္ဍမှနေ၍ ပြောဆိုဝေဖန်ပြစ်တင်ရှုတ်ချသည်ဖြစ်စေ အထောက်အထား ခိုင်မာမှန်ကန်တိကျမှုရှိရန် လိုအပ်ပေသည်။

အထောက်အထားမှန်ကန်ခိုင်မာမှုမရှိဘဲ နှုတ်အားဖြင့်လည်းကောင်း၊ ပုံနှိပ်စာမျက်နှာများပေါ်မှလည်းကောင်း ပြောဆိုဝေဖန်မိပါက ပြဿနာကြီးကြီးမားမား မဖြစ်လောက်သော်လည်း မျက်မှောက်ကာလ အီလက်ထရွန်နစ်နည်းပညာ ဖြစ်ထွန်းနေသော လူမှုကွန်ရက်စာမျက်နှာများပေါ်မှ ပြောဆိုဝေဖန်သောအခါ ပြဿနာ ကြီးကြီးမားမား ဖြစ်လာကြသည်ကိုတွေ့ရသည်။ ထိုပြဿနာမှာ လွတ်လပ်စွာပြောဆိုခွင့်ကို အာမခံမရနိုင်သော ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူခံရမှုများ ရှိလာခြင်းပင်ဖြစ်သည်။

အဆိုပါဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး မူလက မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်ကြသော နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းများအတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းသာဖြစ်သော်လည်း နောက်ပိုင်းတွင် သတင်းမီဒီယာသမားများသာမက အရပ်ဘက်မှပြည်သူအချို့ကပါ လူမှုကွန်ရက်ကိုအသုံးပြုပြီး ပြောဆိုဝေဖန်မှုပြုခဲ့ရာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ဥပဒေတွင် ပါဝင်သည့် ပုဒ်မ ၆၆(ဃ)အရ အာမခံမရနိုင်သည့် အရေးယူမှုများ ရှိလာသည်ကိုတွေ့ရသည်။

ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်သည် ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ဖောက်ဖျက်ကျူးလွန်မိသောသူအား ဥပဒေနှင့်အညီ တရားမျှတစွာဖြင့် အရေးယူဆောင်ရွက်နိုင်ရန်ဖြစ်သည်။ အကယ်၍ အဆိုပါဥပဒေနှင့် ပတ်သက်၍ တရားမျှတမှုမရှိပါဟု အများပြည်သူတို့က ပြောဆိုတင်ပြလာပါက တရားဝင်လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲကြရမည်သာဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါ ဆက်သွယ်ရေးဥပဒေနှင့် ပတ်သက်၍ မကြာသေးမီရက်ပိုင်းက ပြန်လည်ပြင်ဆင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေမူကြမ်းတစ်ရပ်ကို ထုတ်ပြန်လိုက်သည်ကိုတွေ့ရသည်။

ထိုဥပဒေမူကြမ်းတွင် ပြင်ဆင်ချက် ခြောက်ချက်ပါရှိပြီး ယင်းတို့တွင် ဝေဖန်မှုအများဆုံးနှင့်လူပြောအများဆုံး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)လည်းပါဝင်ခဲ့သည်။ ဥပဒေတစ်ခုကိုပြင်ဆင်ရာတွင် တင်ပြထားသော ဥပဒေမူကြမ်း၌ အားသာချက်များရှိသလို အားနည်းချက်များလည်းရှိမည်ဖြစ်သည်။ ပြင်ဆင်သည့်ဥပဒေမှာ မူကြမ်းသာဖြစ်ပြီး အများပြည်သူလေ့လာအကြံပြုနိုင်ရန် ကြိုတင် တင်ပြထားခြင်းဖြစ်သည်။ ဥပဒေ၏ကောင်းမွန်သည့် အချက်များကို ထောက်ခံရမည်ဖြစ်သလို အားနည်းချက်များကိုလည်း ဝေဖန်ထောက်ပြအကြံပြုရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် လူပြောများနေသော ဆက်သွယ်ရေးဥပဒေသည် ဥပဒေချိုးဖောက်မိသူကို တရားမျှတစွာဖြင့် အရေးယူဆောင်ရွက်နိုင်ရေး ပြဋ္ဌာန်းထားသောဥပဒေဖြစ်ရမည်ဖြစ်သလို နိုင်ငံသားအခွင့်အရေး၊ လွတ်လပ်သည့်သတင်းမီဒီယာဖွံ့ဖြိုးရေးကို အနှောင့်အယှက်မဖြစ်သော ဥပဒေလည်းဖြစ်သင့်သည်။ မည်သို့ပင်ဖြစ်စေ ဥပဒေတစ်ရပ်သည် ခေတ်ကာလနှင့်မလျော်ညီဘဲ နိုင်ငံသားအခွင့်အရေးများဆုံးရှုံးမှုရှိပါက ပြင်ဆင်ရမည်ဖြစ်သလို နိုင်ငံသားများအနေဖြင့်လည်း ဥပဒေနှင့်ငြိစွန်းခြင်းမရှိအောင် မိမိတို့၏ပြောဆိုပြုမူလုပ်ကိုင်မှုများ တိကျခိုင်မာမှန်ကန်မှုရှိအောင် ဦးစွာအားထုတ်ဆောင်ရွက်သင့်သည်ဟု ရှုမြင်မိပါကြောင်း။ ။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုံညီခုံရုံးမှ တရားမအထူးအယူခံမှုများကြားနာ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော "စုံညီခုံရုံး"သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံတွင် ICT နှင့် e-Government များ ဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**



အမျိုးသားစီးပွားရေး မူဝါဒနှင့်အညီ မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ICT နှင့် e-Government များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ဝန်ကြီးဌာန၌ ဇူလိုင်လပထမပတ်က ကျင်းပသော e-Government Integrated Data Center အလုပ်ရုံ ဆွေးနွေးပွဲအခမ်းအနားမှ သိရသည်။

e-Government Integrated Data Center ကို နေပြည်တော်တွင် တည်ဆောက်မည်ဖြစ်ပြီး အရေးကြီးသတင်းအချက်အလက်များဆုံးရှုံးမှုများမှ ကာကွယ်ပေးနိုင်ရန် Backup စနစ်များနှင့် Disaster Recovery စနစ်များကို မတူညီသောနေရာတွင် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ e-Government ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် စုစည်းပေါင်းစပ်၍ e-Government Portal တစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ သုံးစွဲသူများ လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် မြန်နှုန်းမြင့်ကွန်ရက် (Government Wide Area Network - GWAN, Government Severice Network-GSN) များ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ e-Government ဝန်ဆောင်မှုများအား အစိုးရရုံးဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်သူများ အသုံးပြုနိုင်ရေး ၂၄ နာရီ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုသို့ ပြုလုပ်ပေးခြင်းအားဖြင့် အများပြည်သူမှ အရည်အသွေးမြင့်မားသော e-Service များကို အချိန်မရွေး၊ နေရာမရွေးလွယ်ကူစွာ အသုံးပြုနိုင်ခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုကြားတွင် သတင်းအချက်အလက်စီးဆင်းမှု ပိုမိုလွယ်ကူမြန်ဆန်လာခြင်း၊ အစိုးရလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးဆိုင်ရာ အသိအမြင်များ ပိုမိုတိုးတက်လာခြင်းနှင့် အချိန်နှင့် ကုန်ကျစရိတ်လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

အတိတ်ကာလတွင် အစိုးရဌာနများမှ e-Government လုပ်ငန်းစဉ်များအား အမျိုးမျိုးကွဲပြားခြားနားသော နည်းပညာများ၊ Platform များအသုံးပြု၍ သီးခြားစီအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသော်လည်း လက်ရှိအချိန်တွင် Master Plan များတွင် ပါဝင်သောမူဝါဒ၊ လမ်းစဉ်နှင့် ရည်မှန်းချက်များအရ ICT Infrastructure, Application and Data များအား စုစည်းပေါင်းစပ်၍ ဘုံအဖြစ်ထားရှိပြီး မျှဝေအသုံးပြုနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း e-Government ဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးရင်က ပြောကြားခဲ့သည်။

ထိုသို့ ဆောင်ရွက်သွားနိုင်ရန်အတွက် ICT Infrastructure ဖြစ်သော Data Center များအား အစိုးရဌာနအသီးသီးတွင် သီးခြားစီတည်ဆောက်အသုံးပြုခြင်း မပြုဘဲ e-Government Integrated Data Center အား တည်ဆောက်၍ ဘုံအဖြစ်ထားရှိပြီး မျှဝေအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးခြင်းအားဖြင့် ဘဏ္ဍာငွေကုန်ကျမှု ထိရောက်စွာသက်သာစေမည်ဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်၊ ကိုမင်း)**

# ဟားခါးမြို့ ရှန်းတောင်၌ မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

**ဟားခါး ဇူလိုင် ၁၀**



ချင်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ချင်းပြည်နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ၂၀၁၇ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကို ဇူလိုင် ၁၀ ရက်က ဟားခါးမြို့ ရှန်းတောင်ခြေ၌ ပြုလုပ်ရာ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက မိုင်းဘော ၁၅၀၀၊ ရေသင်းဝင် ၃၅၀၀၊ ရှားနက် ၁၀၀၀၊ ထင်းရှူး ၅၀၀၊ ချယ်ရီ ၈၀၀၊ ယူကလစ် ၁၂၀ စုစုပေါင်းပျိုးပင် ၇၄၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်(ရွှေဈေး) ၈၈၅၅၀၀ - ၈၈၅၅၀၀ မန္တလေး(ရွှေဈေး) ၈၈၅၅၀၀ - ၈၈၅၅၀၀

**စက်သုံးဆီဈေးနှုန်း** **ရန်ကုန်** **မန္တလေး**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၅၀/၆၆၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၂၀ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၅ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၅ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၁၈/၆၂၀ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၅၉၅/၆၀၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၅၃. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၁၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၉၄၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၆. ၈၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၇၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၃. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၃၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၅. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅. ၇၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်မင်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



## အမျိုးသားအကျိုးစီးပွား

ပါတီတွေ တည်ရှိတာ မရှိတာ အဓိကမဟုတ်ဘူး။ ၎င်းတို့ဟာ အမျိုးသားရေးအကျိုးစီးပွားများကို ဘေးဥပဒ် ဖြစ်စေမယ့် ပါတီစွဲလုပ်ဆောင်မှုတွေကို မလုပ်မိဖို့ အရေးကြီးတယ်။ အမျိုးသားအကျိုးစီးပွားအတွက်ဆိုရင် ပါတီတွေဟာ အဲဒီအရေးကိစ္စမှာ ဂိုဏ်းဂဏစွဲမထားဘဲ အတူတကွပူးပေါင်းပြီး အတူတကွလုပ်ဆောင်ကြရမှာ ဖြစ်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသော ဖဆပလအဖွဲ့ကြီး၏ ပထမအကြိမ်ကွန်ဂရက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂူဂျာရတ်ပြည်နယ် အာမက်ဒါဘတ်မြို့တွင် ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၀**

အိန္ဒိယသမ္မတနိုင်ငံ ဂူဂျာရတ်ပြည်နယ် အာမက်ဒါဘတ်မြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ ပြတိုက်သို့ သွားရောက်လေ့လာကြသည်။



ယင်းနောက် ညပိုင်းတွင် River Front သို့ သွားရောက်၍ အာမက်ဒါဘတ်မြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသည့် ဆာဘာမတ်တီမြစ်၏ ညအလှကို လေ့လာကြည့်ရှုကြသည်။ အာမက်ဒါဘတ်မြို့အတွင်း ရှေးယခင်က မိုးတွင်းအချိန်ကာလများတွင် ဆာဘာမတ်တီမြစ်ရေလျှံလေ့ရှိသော်လည်း ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ် မိုဒီလက်ထက်တွင် ဆည်များ၊ ရေတမံများဖြင့် မြစ်ရေကို စနစ်တကျ ထိန်းသိမ်းခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှုများ မဖြစ်ပွားတော့သည့်အပြင် မြစ်ကမ်းနံဘေး တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးလုပ်ငန်းများအား ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လာခဲ့ကြောင်း သိရှိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အာမက်ဒါဘတ်မြို့ရှိ TATA Motors Sanand Plant သို့ ရောက်ရှိကြပြီး စက်ရုံအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှု အခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Gujarat Energy Research Management Institute ၏ Solar Plant သို့ ရောက်ရှိလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်း Solar Plant သည် ဧရိယာအားဖြင့် ၅ ဧကခန့်ရှိပြီး ဆိုလာပြားလေးထောင်ကျော် အသုံးပြု၍ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင် ထုတ်ယူလျက်ရှိသည်။ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်ထုတ်ယူရာတွင် ဘက်ထရီများဖြင့် တစ်ဆင့်ခံ စုဆောင်းခြင်းမဟုတ်ဘဲ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်ကို တိုက်ရိုက်မဟာဓါတ်အား လိုင်းအတွင်းပေးပို့သည့် နည်းပညာအသုံးပြုထုတ်ယူနေခြင်းဖြစ်ပြီး အိမ်ခြေတစ်ထောင်ခန့် အသုံးပြုနိုင်သည့် လျှပ်စစ်စွမ်းအား ၁ မီဂါဝပ်ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။ မွန်းလွဲပိုင်းတွင် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂူဂျာရတ်ပြည်နယ်အတွင်းရှိ Anand မြို့သို့ သွားရောက်၍ Amul နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်လေ့လာကြသည်။ **(အပေါ်ပုံ)**

Amul နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသည် အိန္ဒိယတစ်နိုင်ငံလုံး၌ စက်ရုံပေါင်း ၆၇ ရုံဖြင့် ကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများစွာသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ် (၇၀) ပြည့် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံတိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၀**

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် (ဗုဒ္ဓဟူးနေ့)၊ နှစ် (၇၀)ပြည့် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် အောက်ခြေအဖွဲ့အစည်း အဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၈ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီး H.E.Mr. Sok Chea နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ **(သတင်းစဉ်)**



# သူရဦးရွှေမန်း ကနေဒါ သံအမတ်ကြီးနှင့် တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး H.E. Mrs. Karen Mac Arthur အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ်(I-11)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**❂ နှစ်(၇၀)ပြည့်မှ**

ရဟန်းရှင်လူ၊ ပြည်သူလူထုနှင့် နိုင်ငံခြားသားများ အခမဲ့ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် (နတ်မောက်)တို့ကို ဇူလိုင် ၁၉ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ ဇူလိုင် ၂၀၊၂၁၊၂၂၊၂၃ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ဖွင့်လှစ်ပြသွားမည်ဖြစ်ပြီး ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)ကို ဇူလိုင် ၁၉၊ ၂၀၊၂၁ ရက်တို့တွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စီးပွားရေးပြစ်မှု ကျူးလွန်သူများကို ပြန်လည်လွှဲပြောင်းရေး ဗြိတိန်၏ ပူးပေါင်းဆောင်ရွက်မှုရရန် အိန္ဒိယကြိုးပမ်း



**ဟမ်းဘတ် ဇူလိုင် ၁၀**
စီးပွားရေးဆိုင်ရာ ဥပဒေစည်းမျဉ်း ချိုးဖောက်သူများအား ခိုလှုံခွင့်မပေးဘဲ နေရင်းနိုင်ငံသို့ ပြန်ပို့နိုင်ရေးအတွက် ဗြိတိန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု ရရှိရန် လိုအပ်ကြောင်း အိန္ဒိယ ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ဝန်ကြီးချုပ် ထရီစာမေကို တိုက်တွန်းပြောကြားလိုက်ကြောင်း ပီတီအိုင် သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြသည်။ **(ယာပုံ)**

အိန္ဒိယလူမျိုးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဗီဂျေးမော်ယာသည် ဝရမ်းပြေးတစ်ဦး အဖြစ် ဗြိတိန်နိုင်ငံ၌ ခိုလှုံနေထိုင်လာခဲ့သည်မှာ လပေါင်း အတန်ကြာမျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ မော်ယာသည် ဖမ်းဝရမ်းများမှ ထွက်ပြေးလွတ်မြောက်လျက်ရှိရာ လန်ဒန်ရှိ တရားရုံးတစ်ရုံးက ၎င်းအား အိန္ဒိယသို့ ပြန်လည်ပို့ဆောင်နိုင်ရေး ကြားနာမှုတစ်ရပ်ကို ပြုလုပ်ရှိသည်။

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ဇူလိုင် ၈ ရက်က ဂျီ-၂၀ အုပ်စု၏ ထိပ်သီးညီလာခံကာလအတွင်းဝန်ကြီးချုပ် မိုဒီနှင့် ဝန်ကြီးချုပ် ထရီစာမေတို့ သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် မော်ယာကိစ္စနှင့်ပတ်သက်၍ အိန္ဒိယခေါင်းဆောင်က ဗြိတိန်ခေါင်းဆောင်ထံမှ အကူအညီရရှိရန် မေတ္တာရပ်ခံခြင်းဖြစ်သည်။ နှစ်နိုင်ငံ ခေါင်းဆောင်တို့သည် မိတ်ဖက်ပြုဆက်ဆံရေး မြှင့်တင်နိုင်ရန်ကိစ္စရပ်အများအပြားနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့သည် ဆို၏။

**-- ခိုလှုံနေ --**

ကင်းဖစ်ရှာ လေကြောင်းလိုင်း၏ ရှုပီးကုဋေ ၉၀၀၀ ချေးငွေများနှင့် ပတ်သက်၍ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခဲ့သူ မော်ယာသည် ၂၀၁၆ ခုနှစ် မတ်လမှစ၍ ဗြိတိန်နိုင်ငံ၌ ခိုလှုံလျက်ရှိနေခဲ့သည်။

အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့သည် ၁၉၉၂ ခုနှစ်တွင် တရားခံ အပြန်အလှန် လွှဲပြောင်းပေးအပ်ရေးဆိုင်ရာစာချုပ်တစ်ရပ်ကို လက်မှတ် ရေးထိုးခဲ့ကြသည်။ သို့ရာတွင် ယခုအချိန်အထိ အဆိုပါ စာချုပ်အရ တရားခံတစ်ဦးကိုသာလျှင် လွှဲပြောင်းပေးအပ်နိုင်ခဲ့သည်။ အဆိုပါ တရားခံမှာ ဆာမိဘေးဗီနုဘေး ပီတယ်ဆိုသူဖြစ်ပြီး ၂၀၁၂ ခုနှစ်က ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့သည်။ **ပီတီအိုင်။**




# လန်ဒန်ရှိ ကမ်ဒန်ဈေး မီးလောင်ကျွမ်းမှု ဖြစ်ပွား

**လန်ဒန် ဇူလိုင် ၁၀**
ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ကမ္ဘာလှည့်ခရီးသွားများ သွားလာမှုများပြားသည့်နေရာတစ်ခု ဖြစ်သော ကမ်ဒန်ဈေး အဆောက်အအုံတွင် ဇူလိုင် ၉ရက် ညက မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင် ၇၀ ကျော်တို့ ကြိုးပမ်းငြိမ်းသတ်ခဲ့သဖြင့် မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း မီးသတ်သမားများက ပြောကြားသည်။ **(အပေါ်ပုံ)**

**-- တည်ရှိ --**

ဈေးအဆောက်အအုံမီးလောင်မှုဖြစ်ပွားသည့် အကြောင်းရင်းကိုမူ မသိရှိရသေးပေ။ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရမှု သတင်းများထွက်ပေါ်လာခြင်း မရှိသေးပေ။

လန်ဒန်မြောက်ပိုင်းရှိ အဆိုပါဈေးတွင် စီးပွားရေးလုပ်ငန်းအများအပြား တည်ရှိပြီး ယင်းအဆောက်အအုံ၏ ပထမထပ်မှသည် တတိယထပ်နှင့် ခေါင်မိုးအထိ မီးလောင်ကျွမ်းခံရကြောင်း လန်ဒန်မြို့တော် မီးသတ်တပ်ဖွဲ့က ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ပြောကြားသည်။

**-- လူ ၈၀ သေဆုံး --**

လန်ဒန်မြို့တွင် လွန်ခဲ့သည့်တစ်လက ၂၄ ထပ်မြင့်မားသည့် လူနေအဆောက်အအုံ ဂရင်းဖီးလ်တာဝါ မီးလောင်ကျွမ်းခဲ့ပြီးနောက် ယခုကဲ့သို့ ဈေးအဆောက်အအုံမီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဂရင်းဖီးလ်အဆောက်အအုံ မီးလောင်ကျွမ်းမှုတွင် သေဆုံးသူ ၈၀ အထိ ရှိခဲ့သည်။

ဈေးဆိုင်ခန်းများ၊ ဘားများ၊ ကော်ဖီဆိုင်များဖြစ်သည့် ဈေးဆိုင် ၁၀၀၀ ကျော်ရှိသော ကမ်ဒန်ဈေးအဆောက်အအုံတွင် ၂၀၀၈ ခုနှစ်အတွင်းကလည်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ဖူးသည်။ ထိုစဉ်က ဈေးနှင့် ယင်းနှင့်ကပ်လျက်ရှိအိမ်အချို့ မီးလောင်ပျက်စီးခဲ့ပြီး ဈေးအဆောက်အအုံ၏အဓိကကျသော အစိတ်အပိုင်းကို လအတန်ကြာပိတ်ထားခဲ့ရသည်။
**ရိုက်တာ။**

# တူရကီလေတပ်အခြေစိုက်စခန်းရှိ ဂျာမနီတပ်ဖွဲ့များ စတင်ရုပ်သိမ်း

**ဘာလင်/အန်ကာရာ ဇူလိုင် ၁၀**
အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)အဖွဲ့အား တိုက်ခိုက်နေသည့် နိုင်ငံတကာစစ်ဆင်ရေး လုပ်ငန်းများကို အထောက်အကူပေးရန် တူရကီနိုင်ငံရှိ အန်ဆာလစ် လေတပ်စခန်း၌ တပ်စွဲထားသည့် ဂျာမနီတပ်ဖွဲ့များကို ဇူလိုင် ၉ ရက်မှ စ၍ ရုပ်သိမ်းလျက်ရှိကြောင်း ဂျာမနီ ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အောက်ပုံ)**

အန်ဆာလစ်လေတပ်စခန်းမှမိမိ၏တပ်ဖွဲ့များ ရုပ်သိမ်းရန် လွန်ခဲ့သည့်လက ဂျာမနီလွှတ်တော်က အတည်ပြုပေးခဲ့ခြင်း ဖြစ်သည်။

တူရကီနိုင်ငံ၌ အာဏာသိမ်းပွဲ ဖြစ်ပွားခဲ့ပြီးနောက် အစိုးရအဖွဲ့၏ ကိုင်တွယ်ဆောင်ရွက်ပုံနှင့် ပတ်သက်၍လည်းကောင်း၊ ဂျာမနီနိုင်ငံအတွင်း၌ တူရကီနိုင်ငံရေးသမားများက မဲဆွယ်လှုပ်ရှားမှုများ ပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ လည်းကောင်း နှစ်နိုင်ငံအငြင်းပွားမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ဂျာမနီက ၎င်း၏ တပ်ဖွဲ့ဝင်များကို တူရကီမှ ရုပ်သိမ်းရန် စီစဉ်ခြင်းဖြစ်သည်။

**-- ဆက်လုပ်သွားမည် --**

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် အိုင်အက်စ်တို့အား ချေမှုန်းတိုက်ခိုက်နေသည့် အမေရိကန်ဦးဆောင်သော မဟာမိတ်အဖွဲ့၏ စစ်ဆင်ရေးလုပ်ငန်းများအတွက် ကင်းထောက် ပျံသန်းမှုများကို ပြုလုပ်ပေးခဲ့သော ဂျာမနီလေတပ်၏ တော်နေဒိုး ဂျက်လေယာဉ်များသည် ဇူလိုင်လကုန်အထိ အန်ဆာလစ် လေတပ် အခြေစိုက်ကို အသုံးပြုခြင်းမရှိဘဲ စစ်ဆင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားမည်ဆို၏။

ထိုစဉ်အတွင်း ဂျာမနီ စစ်လေယာဉ်များကို အောက်တိုဘာလထက် နောက်မကျဘဲ ဂျော်ဒန်နိုင်ငံရှိ လေတပ်အခြေစိုက်စခန်းသို့ ရွှေ့ပြောင်းရန် စီစဉ်ထားသည်။

ဂျာမနီလေတပ်မှ ဆီတင်လေယာဉ်တစ်စင်းသည် ဇူလိုင် ၉ ရက်တွင် အန်ဆာလစ် လေတပ်စခန်းမှ ဂျော်ဒန်နိုင်ငံရှိ လေတပ်အခြေစိုက်စခန်းသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ဂျာမနီကာကွယ်ရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ **ရိုက်တာ။**



**ဂျီနီဗာ ဇူလိုင် ၁၀**
ခုနစ်နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်စေရန် ဦးတည်လျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ အကျော့သစ်ဆွေးနွေးပွဲကို ကုလသမဂ္ဂက ဦးဆောင်၍ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇူလိုင် ၁၀ ရက်တွင် စတင်လိုက်သည်။

## ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်ရေး ဂျီနီဗာ၌ဆွေးနွေး နိုင်ငံတောင်ပိုင်း၌ အပစ်အခတ်ရပ်စဲမှုပြုလုပ်

ကုလသမဂ္ဂ၏ဆီးရီးယားဆိုင်ရာ အထူးသံတမန် စတီဖန်ဒီမစ်တူရာသည် ကုလသမဂ္ဂဆိုင်ရာ ဆီးရီးယားသံအမတ်ကြီး ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုစဉ်အတွင်း အမေရိကန်၊ ရုရှားနှင့် ဂျော်ဒန်နိုင်ငံတို့ သဘောတူညီမှုခဲ့သည့် ဆီးရီးယားတောင်ပိုင်းအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုသည် ဇူလိုင် ၉ ရက်ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီမှ စတင်၍ အသက်ဝင်လာခဲ့ပြီး ယင်းနေ့ညပိုင်းအချိန်အထိ မည်သည့်တိုက်ပွဲမျှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့နှင့် အတိုက်အခံတပ်ဖွဲ့တို့သည် အပစ်အခတ်ရပ်စဲထားကြပြီး သဘောတူညီမှုတွင် အကျုံးဝင်သော ဒါရာ၊ ဆွိဒါနှင့် ကွန်တာရာပြည်နယ်များတွင် သေနတ်သံများမကြားရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဆီးရီးယားအရေး အမေရိကန်၊ ရုရှားနှင့် ဂျော်ဒန်နိုင်ငံတို့သည် ဇူလိုင် ၇ ရက်က ဆီးရီးယားနိုင်ငံ အနောက်တောင်ပိုင်းဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ဆီးရီးယားနိုင်ငံတောင်ပိုင်း၌ ရန်ပြုသည့် လှုပ်ရှားမှု အဆုံးသတ်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့ရေးတို့အတွက် နိုင်ငံသုံးနိုင်ငံတာဝန်ရှိသူများ ဂျော်ဒန်နိုင်ငံ၌ သဘောတူညီခဲ့ကြသည်။ **ဆင်ဟွာ။**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားဘဏ်များအပေါ်ထားရှိသည့် ကန့်သတ်ချက်များကို တစ်ဆင့်ချင်းဖြေလျှော့သွားမည်

**နေပြည်တော် ဇူလိုင် ၁၀**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခု ဖတ်ကြားတင်ပြခြင်းနှင့် အစီရင်ခံစာ(၁)ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **ဗဟိုဘဏ်မှ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး (၁၃)ရုံးအား မြန်မာနိုင်ငံသားများအတွက် လက်လီဝန်ဆောင်မှုကို မည်သည့်နေ့တွင် ခွင့်ပြုမည်ဖြစ်ကြောင်းကြေညာရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ယခုခွင့်ပြုထားသည့် နိုင်ငံခြားဘဏ် ၁၃ ဘဏ်သည် ကိုယ်စားလှယ်ရုံးများမဟုတ်ပါကြောင်း၊ ယင်း ၁၃ ဘဏ်ကို နိုင်ငံခြားဘဏ်ခွဲများအနေဖြင့် ဘဏ်လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုပေးထားပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ခွဲများ စတင်လုပ်ငန်းလည်ပတ်သည့်အချိန်မှာ (၂)နှစ်သာ ရှိသေးပါကြောင်း၊ ယင်းအချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ကန့်သတ်ထားသည့်ကန့်သတ်ချက်များကို ပထမအကြိမ်၊ ဒုတိယအကြိမ် ဖြေလျှော့ပြီးဖြစ်ပါကြောင်း၊ တတိယအကြိမ်ဖြေလျှော့ရန်လည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံခြားဘဏ်များအနေဖြင့် လက်လီဘဏ်လုပ်ငန်းဆောင်ရွက်ရန် အဓိကအရေးကြီးသည့် အချက် ၂ ချက်ရှိပါကြောင်း၊ နိုင်ငံအနှံ့အပြားတွင် ဘဏ်ခွဲများရှိနေရန်နှင့် E-Banking စနစ်ဆောင်ရွက်နိုင်မှုရှိနေရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားဘဏ်များအနေဖြင့် E-Banking စနစ်များရှိသော်လည်း နိုင်ငံအနှံ့ဘဏ်ခွဲများရှိရန် လိုအပ်နေဆဲဖြစ်ပါကြောင်း၊ အခြားနိုင်ငံများတွင်လည်း လက်လီဘဏ်လုပ်ငန်းကို ပြည်တွင်းဘဏ်များကသာ ထိရောက်အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားဘဏ်များအပေါ် ထားရှိသည့် ကန့်သတ်ချက်များကို တစ်ဆင့်ချင်း ဖြေလျှော့သွားမည်ဖြစ်ပါကြောင်း၊ တတိယအကြိမ်ဖြေလျှော့မှုအပြီး စတုတ္ထအကြိမ်ဖြေလျှော့မှုတွင် နိုင်ငံခြားဘဏ်များကို လက်လီဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြေလျှော့ရာတွင် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ တည်ငြိမ်မှုအခြေအနေနှင့် ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးနိုင်သည့် အင်အားအပေါ်မူတည်၍ ဖြေလျှော့မှုများကို ယခုထက် ပိုမိုမြန်ဆန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **မြစ်ချောင်းကမ်းထိန်းနံရံများ၊ ရေကာတာများတည်ဆောက်ရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် ရေရှည်ခိုင်ခံ့၍ အကျိုးရှိသော ကမ်းထိန်းနံရံများ၊ ရေကာတာများတည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ပုံငွေတင်ပြတောင်းခံမှုနှင့် ခွဲဝေရရှိမှုအခြေအနေများအရ ကန့်သတ်ချက်များစွာ ရှိပါကြောင်း၊ ရန်ပုံငွေများစွာသုံးစွဲရသည့် အာမခံရှိသောဒီဇိုင်းများဖြင့် ဆောင်ရွက်ရမည့်အစား ထပ်မံတိုက်စားမှုမခံရစေရေးနှင့် ရန်ပုံငွေချွေတာရေးမူဖြစ်သော Low Cost Design မူဖြင့် ဆောင်ရွက်သည့်စနစ်ကို ကျင့်သုံးခဲ့ရပါကြောင်း။



ဦးဆက်အောင်
ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ



ဦးမြင့်လွင်
ပုဇွန်တောင်မဲဆန္ဒနယ်

ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ အာမခံချက်ရှိသော ဒီဇိုင်းများဖြစ်ထွန်းရေးအတွက် ကုန်ကျစရိတ်ကို အခြေခံမထားသည့်စနစ်ကို ပြောင်းလဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာနည်းပညာအကူအညီများ၊ ကွန်ပျူတာအသုံးချမှုနည်းစနစ်များဖြင့် အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပြီး လုံလောက်သောရန်ပုံငွေများ ခွင့်ပြုပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရေရှည်ခိုင်ခံ့သော ကမ်းထိန်းနံရံများ၊ ရေကာတာများဖြစ်စေရန်အတွက် ဒီဇိုင်းတွက်ချက်ရာတွင် လိုအပ်သောအချက်အလက်များဖြစ်သည့် မြေကြီးဂုဏ်သတ္တိ(Soil Properties)အတွက် Soil test စစ်ဆေးမှုများပြုလုပ်ခြင်းနှင့် ရေလမ်းကြောင်းအနေအထား သိရှိနိုင်ရန်အတွက် (Bathymetric Survey)မြစ်ချောင်းကြမ်းပြင်ကို လေ့လာတိုင်းတာခြင်းများ ပြုလုပ်ပြီးမှသာ ဒီဇိုင်းရေးဆွဲပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၊ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်နှင့် ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်တို့၏ ဆက်သွယ်ရေးဝိုင်ယာကြိုးများအား ရှင်းလင်းပေးရေး၊ သံတွဲမြို့တွင်(ကညန)ရုံး ဖွင့်လှစ်ပေးရေး၊ National Database Center နှင့် ဒေသအနှံ့ဆက်သွယ်နိုင်သည့် Network Line များ တည်ဆောက်ပေးရေးနှင့် ပြည်တွင်းစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်မှုဆိုင်ရာမေးခွန်းများကိုလည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ကော်မတီသုံးသပ်ချက်တွင် ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးရခြင်းမရှိပါသဖြင့် တိုင်ကြားစာများအပေါ် သုံးသပ်ချက်များမှာ မှားယွင်းနိုင်သည်ဟု ဖော်ပြထားချက်သည် မှန်ကန်ပါကြောင်း၊ ရေးရာကော်မတီအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းမှု ပြန်လည်စိစစ်ရေးလုပ်ငန်းတွင် အဓိကဆောင်ရွက်ရန် တာဝန်ပေးထားသဖြင့် ဖြေရှင်းရေးအထောက်အကူအဖွဲ့ တိုးချဲ့ဖွဲ့စည်း တာဝန်ပေးဆောင်ရွက်သင့်ပါကြောင်း၊ လက်ရှိအခြေအနေတွင် အမိန့်ညွှန်ကြားချက်များဖြင့် ဖြေရှင်းနေသော်လည်း အောက်ခြေမြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်များတွင် မှန်ကန်မျှတမှု အားနည်းလျက်ရှိပါသဖြင့် ကော်မတီအား တိုးချဲ့ဖွဲ့စည်း တာဝန်ပေး၍ ထိန်းကျောင်းဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းက ယခုအချိန်အထိ ဥပဒေနှင့်မညီသည့် သိမ်းဆည်းမြေများကို စစ်ဆေးတွေ့ရှိနေရပါကြောင်း၊ မြို့နယ်၊ ခရိုင် မြေစစ်အဖွဲ့များထဲတွင် သိမ်းဆည်းခဲ့သည့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ပါရှိနေပါကြောင်း၊ စုံစမ်းစိစစ်မှတ်ချက်ပေးကြရာတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ မြေစစ်ကော်မတီ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့် မကိုက်ညီသည့် အနာဂတ်စီမံချက်များကိုတင်ပြပြီး မြေပြန်မပေးလိုခြင်းများကို တွေ့ရှိနေရပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးနှင့် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းတို့က ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏အစီရင်ခံစာကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းတောင်းခံခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလျက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စာချုပ်ချုပ်ဆို၍ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးရွာအုပ်စု ၃ အုပ်စုအတွင်း သယံဇာတ ရှာဖွေနေသော North Petro- Chem Corporation Ltd အနေဖြင့် သယံဇာတ ရှာဖွေခြင်းလုပ်ငန်းကို မည်သည့်ခုနှစ်တွင် ရပ်ဆိုင်းမည်။ တူးဖော်ထားသော ရေနံတွင်းများကို စီးပွားဖြစ်ထုတ်လုပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ၊ အကယ်၍ စီးပွားဖြစ်ထုတ်လုပ်ပါက ထွက်ရှိလာသော အကျိုးအမြတ်ကို မြန်မာနိုင်ငံအတွက် မည်သို့ခွဲဝေပေးရမည်နှင့် တောင်သူများ၏ မြေယာဆုံးရှုံးမှုများကို မည်သို့ရှင်းလင်းပေးမည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က အထက်ပါအတိုင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။



ဒေါက်တာထွန်းနိုင်
လျှပ်စစ်/စွမ်းအင် ဒုတိယဝန်ကြီး

ဆက်လက်၍ ဒုတိယဝန်ကြီးက North Petro- Chem Corporation Ltd (NPCCM)ရေနံကုမ္ပဏီသည် လုပ်ကွက် PSC-F (ငလှိုင်တွင်းဒေသ)ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ၂၀၁၀ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆိုခဲ့ပြီး စက်တင်ဘာလ ၉ ရက်မှစ၍ စမ်းသပ်ရှာဖွေရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါကြောင်း၊ အဆိုပါ ရေနံကုမ္ပဏီမှ တူးဖော်ပြီးစီးခဲ့သည့် အစမ်းတွင်းများ၏ စမ်းသပ်ချက်များအရ လက်ရှိအချိန်အထိ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ကာလကြာရှည် စီးပွားဖြစ် ထုတ်လုပ်နိုင်မှုအဆင့် မရှိသည်ကို တွေ့ရှိရပါကြောင်း။

လက်ရှိအခြေအနေတွင် အဆိုပါ ရေနံကုမ္ပဏီနှင့် ပူးပေါင်းလုပ်ကိုင်မည့် ကုမ္ပဏီတစ်ခုနှင့် ညှိနှိုင်းဆဲဖြစ်ပြီး ညှိနှိုင်းမှုအောင်မြင်ပါက ငလှိုင်တွင်း တွင်းအမှတ်(၁)ကို ပြန်လည်၍ သဘာဝဓာတ်ငွေ့ စမ်းသပ်ထုတ်လုပ်နိုင်ရန် တွန်းအားပေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စီးပွားဖြစ် ရှာဖွေတွေ့ရှိပါက ထုတ်လုပ်မှုအပေါ် ခွဲဝေရေးစာချုပ်အရ နိုင်ငံတော်မှ Royalty အပါအဝင် အကျိုးအမြတ် ၈၀ ရာခိုင်နှုန်းခန့် ရရှိမည်ဖြစ်ပြီး ကုမ္ပဏီအနေဖြင့် ၂၀ ရာခိုင်နှုန်းခန့် ရရှိရန် တွက်ချက်ချုပ်ဆိုထားခြင်းဖြစ်ပါကြောင်း။



ဦးဝင်းမောင် မကွေးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၆)

မြေယာသီးနှံလျော်ကြေးကိစ္စရပ်များတွင် ယာယီသိမ်းဆည်းထားသည့် မြေယာများအတွက် သက်ဆိုင်ရာမြို့နယ်မှ ဌာနဆိုင်ရာများပါဝင်သည့် သီးနှံလျော်ကြေးပေးရေး ကော်မတီဖွဲ့စည်းထားပြီး ကော်မတီမှ ဆုံးဖြတ်သည့် ဒေသပေါက်ဈေးနှင့်အညီ ပေးလျော်ခဲ့ပါကြောင်း၊ စီးပွားဖြစ်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိ၍ စီးပွားဖြစ် ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မြေယာများကို အမြဲသိမ်းရန် လိုအပ်လာပါက မြေယာစီမံခန့်ခွဲမှုကော်မတီအားဖွဲ့စည်းပြီး လက်ရှိ တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ပေးလျော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က **မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာတက္ကသိုလ်ကြီးတစ်ခု(Fishery University) ဖွင့်လှစ်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုရန် ပြည်ထောင်စုစာရင်းစစ်ချုပ်က အဆိုတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**(သတင်းစဉ်)**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

Saurav Jha ရေးသားတဲ့ "တရုတ်နိုင်ငံက အိန္ဒိယနိုင်ငံကို ချွတ်နင်းကျူးကျော်ခြင်း (China's Creeping Invasiam of India) ဆိုတဲ့ ဆောင်းပါးကို တင်ပြလိုပါတယ်။ အလျဉ်းသင့်သလို ဘာသာပြန်တင်ပြထားတာပါ။ အိန္ဒိယနိုင်ငံဟာ တရုတ်နိုင်ငံက တရုတ်-အိန္ဒိယနယ်စပ်မျဉ်းတစ်လျှောက် ကျူးကျော်ဝင်ရောက်နေတာကို ဟန့်တားကာကွယ်ဖို့ အခြေခံအဆောက်အအုံစီမံကိန်းတွေကို အသည်းအသန်ကြိုးပမ်းတည်ဆောက်နေပါတယ်။ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံအကြား လက်တွေ့တည်ရှိနေတဲ့ နယ်စပ်မျဉ်း (Line of Actual Control-LAC)ဟာ ၄၀၅၇ ကီလိုမီတာရှည်လျားပြီး အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်ငါးပြည်နယ်ကို ဖြတ်သန်းသွားတာပါ။ ဒီအိန္ဒိယပြည်နယ်တွေကတော့ ဂျမ္မူး(Jammu)၊ ကတ်ရှ်မီးယား၊ ယူတာအက်ဟန်း(Uttarhand)၊ ဟီမရှယ်ပရာဒက်ရှ်(Himachal Pradesh)၊ ဆစ်ကင်(Sikkim)နှင့် အာရန်နချယ်ပရာဒက်ရှ်(Arunachal Pradesh)ပြည်နယ်တွေပါ။

ပြီးခဲ့တဲ့ မေလနှောင်းပိုင်းမှာ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက အိန္ဒိယနိုင်ငံက တည်ဆောက်ပြီးသမျှထဲမှာ အကြီးဆုံးတံတားကြီးကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီတံတားကြီးကို ဘူပန်ဟက်ဇာရီကားဆက်ကျူး(Bhupen Hazarika Setu)လို့ခေါ်ပါတယ်။ အာသံပြည်နယ်နဲ့ အာရန်နချယ်ပရာဒက်ရှ်ပြည်နယ်တွေကို ဆက်စပ်ပေးထားတဲ့ တံတားပါ။ လောဟစ်(ထ်)(Lohit)မြစ်ကို ဖြတ်ဆောက်ထားတဲ့တံတားဖြစ်ပြီး အရှည် ၅ ဒသမ ၆၉ မိုင် ရှိပါတယ်။ ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက သူတို့အစိုးရသက်တမ်း သုံးနှစ်မြောက်အခမ်းအနားအထိမ်းအမှတ်အနေနဲ့ ဒီတံတားကို ဖွင့်လှစ်ပေးခဲ့တာပါ။ ဒီတံတားက အိန္ဒိယနိုင်ငံရဲ့ အရှေ့ဘက်အစွန်းပြည်နယ်ဖြစ်တဲ့ အာရန်နချယ်ပရာဒတ်ရှ်ပြည်နယ်ကို သွားရတဲ့ ခရီးအချိန်ကို သိသိသာသာလျှော့ချပေးမှာပါ။ ဒီ အာရန်နချယ်ပရာဒတ်ရှ်ပြည်နယ်ကို တရုတ်နိုင်ငံက ၂၀၀၆ ခုနှစ်ကစပြီး တောင်ပိုင်း တိဗက်ပြည်နယ်အဖြစ် တရားဝင်ကြေညာတောင်းဆိုထားတာပါ။ ခမ်းခမ်းနားနားကျင်းပခဲ့တဲ့ ဒီတံတားဖွင့်ပွဲဟာ အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံကို ပါးလိုတဲ့ သတင်းစကားကို လေးလေးနက်နက်ဖြစ်အောင် ကျင်းပခဲ့တာပါ။ အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံကို ပါးလိုတဲ့သတင်းစကားကတော့ ရှင်းပါတယ်။ အိန္ဒိယနိုင်ငံဟာ တရုတ်နိုင်ငံနဲ့ထိစပ်နေတဲ့ နယ်စပ်မျဉ်းတစ်လျှောက် သူတို့ပိုင်တဲ့ နယ်မြေတစ်လက်မကိုမျှ အထိပါး အဆုံးရှုံးမခံရအောင် သူတို့ပိုင်တဲ့ နယ်မြေအတွင်း အခြေခံအဆောက်အအုံတွေကို မဟာဗျူဟာမြောက် ကြိုးပမ်းတည်ဆောက်နေတယ်ဆိုတာပါပဲ။ အခြေအနေတစ်ခုလုံးကိုခြုံကြည့်လိုက်ရင် စစ်မျက်နှာနှစ်ခုဖွင့်နေရသလိုဖြစ်နေတဲ့ အိန္ဒိယနိုင်ငံဟာ တရုတ်-အိန္ဒိယဆက်ဆံရေးမှာ တင်းမာမှုတွေ မြင့်မားနေသလို ပါကစ္စတန်နိုင်ငံနဲ့ ထိပ်တိုက်ရင်ဆိုင်တိုးမှုကလည်း အထွတ်အထိပ်သဘော ရောက်နေတာပါ။ အိန္ဒိယနိုင်ငံဟာ သူရဲ့စစ်ရေးမဟာဗျူဟာရပ်တည်မှုအနေအထားကို တရုတ်နိုင်ငံနဲ့ ပခုံးချင်းယှဉ်နိုင်တဲ့အဆင့်မျိုးရအောင် ကြိုးပမ်းနေသလို တရုတ်နိုင်ငံနဲ့ ဆက်ဆံရာမှာ အိန္ဒိယနိုင်ငံက ဖျောင်းဖျရေးမူဝါဒကနေ ကာကွယ်ဟန့်တားရေးမူဝါဒဆီ ပြောင်းလဲကျင့်သုံးအကောင်အထည်ဖော်နေတာပါ။






သမားရိုးကျကာကွယ်ရေးမဟာဗျူဟာအရကြည့်ရင် အိန္ဒိယနိုင်ငံဟာ သူ့နိုင်ငံရဲ့ ကာကွယ်ရေးမျဉ်းကြောင်းတစ်လျှောက်ရှိတဲ့ နယ်မြေတွေရဲ့လုံခြုံရေးကို ခိုင်မာအောင်ဆောင်ရွက်ဖို့လိုသလို ရန်သူ့နယ်မြေအထိ တန်ပြန်ထိုးဖောက်တိုက်ခိုက်နိုင်တဲ့ နယ်မြေလမ်းကြောင်းတွေကို ပိုင်ဆိုင်ထားနိုင်ဖို့ လိုအပ်ပါတယ်။ ဒီလိုစွမ်းဆောင်နိုင်စွမ်းရှိဖို့ဆိုရင် တရုတ်နိုင်ငံနဲ့ ထိစပ်နေတဲ့နယ်စပ်မျဉ်းအထိ ဆက်သွယ်ထားတဲ့ အခြေခံအဆောက်အအုံလမ်းကြောင်းတွေ တည်ဆောက်ထားနိုင်ဖို့ လိုအပ်ပါတယ်။ နယ်စပ်မျဉ်းတစ်လျှောက် လမ်းပမ်းဆက်သွယ်ရေးကင်းမဲ့နေတဲ့ အနေအထားဟာ ကျူးကျော်လာတဲ့တပ်ဖွဲ့တွေကို ရှေ့ဆက်မတိုးနိုင်အောင် ဖြစ်စေလိမ့်မယ်ဆိုတဲ့ အတွေးအခေါ်ကို လက်ကိုင်ပြုပြီး အိန္ဒိယနိုင်ငံဟာ နယ်စပ်ဒေသတွေမှာ အခြေခံအဆောက်အအုံတွေကင်းမဲ့နေအောင် နှစ်ပေါင်းများစွာ ရည်ရွယ်ချက်ရှိရှိ ကျင့်သုံးဆောင်ရွက်ခဲ့တာပါ။ အခုတော့ အိန္ဒိယနိုင်ငံဟာ တရုတ်နိုင်ငံက တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အကြီးအကျယ်တည်ဆောက်နေတဲ့ အခြေခံအဆောက်အအုံတွေကို အမီလိုက်နိုင်ဖို့ သူ့ရဲ့ အခြေခံအဆောက်အအုံတွေကို အသည်းအသန် မြှင့်တင်တည်ဆောက်နေတာပါ။

တည်ဆောက်ထားတဲ့ အခြေခံအဆောက်အအုံတွေကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ကြည်းတပ်ဖွဲ့တွေဟာ နယ်စပ်မျဉ်းတစ်လျှောက် အိန္ဒိယနယ်မြေထဲအထိ ကင်းလှည့်သွားလာနိုင်တဲ့အနေအထားမျိုးကို ပိုင်ဆိုင်ထားပါတယ်။ လက်ရှိအနေအထားမှာ ပကတိသဘောအရ တည်ရှိနေတဲ့ အိန္ဒိယ-တရုတ်နယ်စပ်မျဉ်းကို သုံးပိုင်းပိုင်းနိုင်ပါတယ်။ အနောက်ပိုင်းနယ်စပ်၊ အလယ်ပိုင်းနယ်စပ်နဲ့ အရှေ့ပိုင်းနယ်စပ်ဆိုပြီး သုံးပိုင်းပိုင်းထားတာပါ။ တရုတ်တပ်ဖွဲ့တွေက နယ်စပ်မျဉ်းကို ကျော်ဖြတ် ကင်းလှည့်နေတာကို အိန္ဒိယနိုင်ငံက အချိန်နဲ့တစ်ပြေးညီ မတုံ့ပြန် မကာကွယ်နိုင်တဲ့အတွက် အချိန်ကြာလာတာနဲ့ အမျှ တချို့နယ်မြေအစိတ်အပိုင်း အသေးလေးတွေဟာ တရုတ်နိုင်ငံပိုင်သဘောမျိုးဖြစ်လာနိုင်ပါတယ်။ အိန္ဒိယနိုင်ငံဘက်ခြမ်းမှာ အခြေခံအဆောက်အအုံတွေ ကင်းမဲ့နေသလိုဖြစ်နေတာကို အခွင့်ကောင်းယူပြီး တရုတ်တပ်ဖွဲ့တွေက အိန္ဒိယနယ်မြေထဲမှာ တည်ဆောက်ထားတဲ့ ရဟတ်ယာဉ်ကွင်းတွေနဲ့ ခရီးတိုလမ်းတွေကို အိန္ဒိယတပ်ဖွဲ့တွေဟာ အချိန်အတော်ကြာမှ သိခဲ့ရတဲ့ဖြစ်ရပ်တွေ အတိတ်သမိုင်းမှာ ရှိခဲ့ဖူးပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ဆန္ဒသာရှိခဲ့မယ်ဆိုရင် အိန္ဒိယ-တရုတ်နယ်စပ်မျဉ်းတစ်လျှောက် တပ်စခန်းတွေကို အရင်ကထက် မြန်မြန်ဆန်ဆန်ချထားနိုင်မှာဖြစ်သလို တပ်ဖွဲ့ဝင်အင်အားတွေကိုလည်း ပိုပြီးအရေအတွက် များများတိုးမြှင့်တပ်စွဲထားနိုင်မှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် တရုတ်နိုင်ငံအနေနဲ့ အိန္ဒိယ-တရုတ်နယ်စပ်မျဉ်းတစ်လျှောက် အရေးပါတဲ့ တောင်ကြားလမ်း(၃၁)ကို ဖြတ်ကျော်သွားနိုင်တဲ့ ရာသီစုံသွားနည်းဗျူဟာလမ်းတွေကို ဖောက်လုပ်ပြီးပါပြီ။ တရုတ်နိုင်ငံအဖို့ အဓိကနည်းဗျူဟာလမ်းကို အထောက်အပံ့ပေးနေတဲ့ လမ်းကြောင်းငယ်တွေ အများအပြားရှိတာမို့လို့ စစ်ဒေသတစ်ခုနဲ့တစ်ခုကြား တပ်ဖွဲ့တွေ အပြန်အလှန်လဲလှယ်နေရာချထားဖို့ အဆင်ပြေပါတယ်။ အိန္ဒိယ-တရုတ်နယ်စပ်မျဉ်းတစ်လျှောက် တရုတ်တပ်ဖွဲ့တွေက သူတို့စိတ်ကြိုက်နေရာနဲ့ အချိန်ကိုရွေးပြီး ဝင်ထွက်သွားလာနိုင်စွမ်းရှိနေတဲ့အချိန်မှာ အိန္ဒိယနိုင်ငံက နှပ်နေဖို့အချိန်မရှိတော့ပါဘူး။ အိန္ဒိယနယ်မြေထဲကို နက်နက်ရှိုင်းရှိုင်း ဝင်ရောက်နိုင်စွမ်းမရှိတာမို့လို့ အိန္ဒိယစစ်တပ်က နယ်စပ်မျဉ်းအထိ သွားလာနိုင်တဲ့လမ်းကြောင်းမျိုးစုံကို ဖောက်လုပ်ဖို့ဆောင်ရွက်နေတာပါ။

တရုတ်တပ်ဖွဲ့တွေကို ပြန်လည်နေရာချထားမှုပြုလုပ်အပြီးမှာ အရင်က လန်ဇူး(Lanzhon)နဲ့ ချန်ဒူး(Chengdu)စစ်ဒေသဆိုပြီး တသီးတခြားရှိခဲ့တဲ့ စစ်ဒေသတွေကို ပေါင်းစည်းပြီး အနောက်ဘက်စစ်မြေပြင်စစ်ဌာနချုပ်ကို အသစ်ဖွဲ့စည်းခဲ့ပါတယ်။ အနောက်ဘက်စစ်မြေပြင် စစ်ဌာနချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ မြေပြင်တပ်ဖွဲ့တွေ အပြင် လေကြောင်းတပ်ဖွဲ့တွေနဲ့ ဒုံးပျံတပ်ဖွဲ့တွေပါ ပါဝင်နေတာပါ။ အဲဒါအပြင် ရှင်ဂျန်း(Xinjiang) တပ်မဟာနဲ့ တိဗက်တပ်မဟာတို့ကလည်း အနောက်ဘက်စစ်မြေပြင်စစ်ဌာနချုပ်ရဲ့ လက်အောက်မှာရှိသလို အထူးစစ်ဆင်ရေးတပ်ဖွဲ့နှစ်ခုကလည်း အနောက်ဘက်စစ်မြေပြင် စစ်ဌာနချုပ်ရဲ့ လက်အောက်မှာပဲရှိနေတာပါ။ အိန္ဒိယစစ်တပ်ရဲ့ ခန့်မှန်းတွက်ချက်မှုအရ တရုတ်ကြည်း၊ လေ၊ ဒုံးပျံ ပူးပေါင်းတပ်ဖွဲ့အမှတ်(၇၆)နဲ့ (၇၇)တို့ဟာ တပ်မတော်ခုနစ်ခုလောက်အင်အားကို တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသထဲရောက်အောင် တစ်ပတ်အတွင်း စုစည်းနိုင်ပြီး လာဆာမြို့ထဲကို တရုတ်အလျင်အမြန် တုံ့ပြန်ရေးတပ်မဟာတစ်ခု ၂၄ နာရီနဲ့ ၃၆ နာရီကြားရောက်အောင် စုစည်းနိုင်ပါတယ်။ ဒါ့အပြင် ကျင်ဟိုင်း-တိဗက် ရထားလမ်း(၁၁၄၂ ကီလိုမီတာ)နဲ့ လာဆာမြို့မှာ ဗဟိုဆုံချက်ပြုထားတဲ့ အဝေးပြေးလမ်းမကြီးသုံးခုကို အသုံးချပြီး တရုတ်တပ်ဖွဲ့တွေဟာ တပ်မဟာ ၁၂ ခုကို တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသထဲရောက်အောင် တစ်လအတွင်း စွမ်းဆောင်နိုင်တယ်လို့ဆိုပါတယ်။ တရုတ်နိုင်ငံက အိန္ဒိယ-တရုတ်နယ်စပ်မျဉ်းတစ်လျှောက် စစ်မျက်နှာပေါင်းစုံ ဖွင့်ပြီး တိုက်ခိုက်ခဲ့မယ်ဆိုရင် စစ်ဆင်ရေးတစ်ရပ်ထဲမှာပဲ တပ်မဟာ ၃၂ ကို စုစည်းနိုင်စွမ်းရှိပြီး ဆန္ဒသာရှိခဲ့မယ်ဆိုရင် ဒီတပ်မဟာ ၃၂ ခုကို တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ တစ်လကြာအထိ တပ်စွဲထားနိုင်ပါတယ်။ ဒါက တရုတ်စစ်တပ်ရဲ့ စွမ်းဆောင်နိုင်စွမ်းကို ခန့်မှန်းတွက်ချက်ထားတာဖြစ်ပြီး အမှန်ပြောရရင်တော့ တရုတ်နိုင်ငံက ဒီလောက်များတဲ့ တပ်ဖွဲ့တွေကို တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲမှာ ဖြန့်ကြက်ထားလိုစိတ်ရှိမရှိဆိုတာက သေသေချာချာ၊ ရေရေရာရာ ပြောနိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။

ချုပ်ပြောရရင်တော့ တရုတ်နိုင်ငံဟာ အိန္ဒိယနိုင်ငံကို တိုက်ခိုက်ခဲ့တယ်ဆိုရင် အချိန်တိုအတွင်း အင်မတန်များပြားတဲ့ တပ်ဖွဲ့တွေကို စုစည်းနိုင်စွမ်းရှိသလို အချိန်အကြာကြီးလည်း တပ်စွဲနိုင်စွမ်းရှိပါတယ်။ တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဖြန့်ကြက်ထားမယ့် တရုတ်တပ်ဖွဲ့ တော်တော်များများကို အရပ်ဘက်သုံးရေအားနဲ့ လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံတွေမှာ ဖြန့်ကြက်ထားနိုင်ပါတယ်။ တချို့တပ်စခန်းတွေမှာ မြေနိမ့်ဒေသက တပ်ဖွဲ့တွေကို အရေးပေါ်ခေါ်ယူခဲ့ရရင် တိဗက်လိုမြေပြင်ဒေသမှာ အသားတကျနေနိုင်ဖို့ အောက်ဆီဂျင်ပေးတဲ့ ကိရိယာအဆောက်အအုံတွေကို တည်ဆောက်ထားပါတယ်။ နက်ဂွတ်(Nagqu)မှာရှိတဲ့ ဒီလိုတပ်စခန်းဆိုရင် ကွပ်ကဲထိန်းချုပ်ရေးစနစ်ကိုပါ တပ်ဆင်ထားတာပါ။ ။

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် ကမ္ဘာ့လူဦးရေနေ့

## မယု(စက်မှု)

ကမ္ဘာ့လူဦးရေသည် ၁၉၀၀ ပြည့်နှစ်တွင် သန်း ၁၅၀၀ ခန့်မှ ၂၀၀၀ ပြည့်နှစ်တွင် သန်း ၆၀၀၀ သို့လည်းကောင်း၊ လက်ရှိအခြေအနေတွင် ၇ ဒသမ ၅ ဘီလီယံ မှ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၈ ဘီလီယံကျော်၊ ၂၁၀၀ ပြည့်နှစ်တွင် လူဦးရေ ၁၁ ဒသမ ၂ ဘီလီယံအထိ တိုးလာမည်ဟု ကမ္ဘာ့ကုလသမဂ္ဂမှ ခန့်မှန်းထားပါသည်။

လူဦးရေ အဆမတန် တိုးပွားလာမှုသည် လူသားများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စား၊ ဝတ်၊ နေရေး အခက်အခဲများ၊ စိုက်ပျိုးမြေ အခက်အခဲများ၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ယိုယွင်းမှုများကို ရင်ဆိုင်ရမည်ဖြစ်သလို တစ်ဖက်တွင် လူဦးရေတိုးပွားမှုမှတစ်ဆင့် လုပ်သားအင်အားကြီးထွားမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သဖြင့် လူဦးရေတိုးပွားလာခြင်းနှင့်အတူ ကောင်းကျိုး၊ ဆိုးကျိုးအဖြာဖြာ ဝိရောဓိများကို ကြုံတွေ့ရမည်ဖြစ်သည်။

လူဦးရေတိုးပွားခြင်း၏ ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ၁၉၈၉ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ အုပ်ချုပ်ရေးကောင်စီ အကြံပြုချက်နှင့်အတူ လူဦးရေဆိုင်ရာ ကိစ္စရပ်များ၏ အရေးကြီးမှုနှင့် အရေးပါမှုတို့အပေါ် ကမ္ဘာသူကမ္ဘာသားများမှ ပိုမို၍ အာရုံစူးစိုက်လာစေရန်နှင့် ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ်အထိမ်းအမှတ်ဆောင်ပုဒ်များ ချမှတ်ပြီး အခမ်းအနားများဖြင့် ဂုဏ်ပြုကျင်းပလျက်ရှိပါသည်။

ယခုနှစ် ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်အဖြစ် "မိသားစုစီမံကိန်းများမှ တစ်ဆင့် လူသားတို့၏ဘဝကို အားပေးမြှင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဆီသို့" (Family Planning: Empowing People, Developing Nation) ဟူ၍ ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) မှ သတ်မှတ်ပေးခဲ့ပါသည်။ ဆိုလိုသည်မှာ ကမ္ဘာပေါ်ရှိလူသားတိုင်း (အထူးသဖြင့် အမျိုးသမီးများ) ဆင်းရဲနွမ်းပါးမှုသံသရာမှ လွတ်မြောက်ရန်၊ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် မိသားစုစီမံကိန်းသည် အရေးကြီးကြောင်း ယခုနှစ် ဆောင်ပုဒ်မှ မီးမောင်းထိုးပြထားခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် မိသားစုစီမံကိန်းများမှသည် ၂၀၂၀ ခုနှစ်တွင် ထပ်မံတိုးပွားလာမည့် အမျိုးသမီးဦးရေ သန်းပေါင်း ၁၂၀ အတွက် လုံခြုံစိတ်ချစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့တွင် အမျိုးသမီးများ၏ ဘဝကို အားပေးမြှင့်တင်ခြင်းနှင့် ကမ္ဘာ့လုံးဆိုင်ရာ ဂုဏ်သိက္ခာတစ်ခုလုံးအတွက် ဒုတိယအကြိမ်မြောက် မိသားစုစီမံကိန်းညီလာခံကြီးကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

မိသားစုစီမံကိန်းသည် နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးကြောင်း ကမ္ဘာ့ခေါင်းဆောင်များက ခံယူချက်များနှင့်အညီ အဆိုပါညီလာခံကြီးကို UNFPA, the United Kingdom နှင့် the Bill & Melinda GatES ဖောင်ဒေးရှင်းတို့မှ ကြီးမှူး၍ ကျင်းပသွားမည်ဖြစ်ပြီး မည်ကဲ့သို့သော မိသားစုစီမံကိန်းများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ကို အဓိက ဦးတည်၍ ဆွေးနွေးသွားကြမည် ဖြစ်သည်။

အဆိုပါ ညီလာခံကြီးမှတစ်ဆင့် လူသားတို့၏ အသက်ရှင်ရပ်တည်ရေး၊ မိသားစုများအတွင်း ပျော်ရွှင်ဖွယ်ကောင်းမွန်သည့် လူနေမှုဘဝကို ဖန်တီးနိုင်ရေး၊ မျိုးဆက်ပြန့်ပွားရေးတွင် မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်ရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် ပညာရေးနှင့် အလုပ်အကိုင်ရရှိရေးတို့တွင် အားပေးမြှင့်တင်ပေးနိုင်မည် ဖြစ်သည်။ ထိုမှတစ်ဆင့် စီးပွားရေးကို တွန်းအားပေးနိုင်မည်ဖြစ်ပြီး မိမိတို့၏ ကလေးများအတွက် ကျန်းမာရေးနှင့် ပညာရေးတို့တွင် ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ကာ လူမှုအသိုက်အဝန်းအတွင်း ကျန်းမာချမ်းသာစွာ နေထိုင်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် စီးပွားရေးအားကောင်းလာမှုနှင့်အတူ နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု အရှိန်အဟုန်သည်လည်း လိုက်ပါ၍ တိုးတက်လာစေမည် ဖြစ်သည်။

ကမ္ဘာပေါ်တွင် အမျိုးသမီး ၂၂၅ သန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြပြီး မျိုးဆက်ပွားကျန်းမာရေးကိစ္စများတွင် ခေတ်နှင့်အညီ ဗဟုသုတ၊ အသိပညာ၊ နည်းပညာများ မပြည့်ဝသည့်အတွက် နှစ်စဉ် အမျိုးသမီးငယ် ၇၀၀၀၀ ခန့်သည် သေဆုံးလျက် ရှိပါသည်။ ထို့အပြင် ၂၄ သန်းခန့်သော အမျိုးသမီးငယ်များသည် ကိုယ်ဝန်ဖျက်ချမှုကြောင့် နှစ်စဉ် အမျိုးသမီးငယ် ငါးသိန်းခန့် အသက်ဆုံးရှုံးလျက် ရှိပါသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းတွင် ဆယ်ကျော်သက် အမျိုးသမီးငယ်များသည် စိန်ခေါ်မှုမျိုးစုံဖြစ်သည့် အရွယ်မတိုင်မီ လက်ထပ်ထိမ်းမြားခြင်း၊ အရွယ်မတိုင်မီ ကလေးမွေးဖွားခြင်း၊ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများနှင့် ရင်ဆိုင်နေရပါသည်။ သို့ပါ၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍတို့တွင် မိမိနှင့် ရွယ်တူအမျိုးသားများထက် များစွာနိမ့်ပါးနေသေးသည့် အမျိုးသမီးငယ်များ၏ ဘဝကို မြှင့်တင်နိုင်ရန် လိုအပ်လာပါသည်။

အထူးသဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်အသက်ဝင်ခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် (၅) ဖြစ်သည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ စွမ်းပကားမြှင့်တင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ရာ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် ခွဲခြားဆက်ဆံမှုမရှိစေရေး၊ အကြမ်းဖက်မှုပပျောက်ရေး၊ အရွယ်မတိုင်မီ လက်ထပ်စေမှုနှင့် အတင်းအဓမ္မ လက်ထပ်စေမှုမရှိစေရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအား မူဝါဒများ၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကိစ္စရပ်များတွင် ပါဝင်စေရေး၊ လုပ်သားထုတွင် အမျိုးသမီးလုပ်သားထု ပိုမိုပါဝင်လာစေရေး၊ သတင်းအချက်အလက်နှင့် နည်းပညာရပ်ဝန်းကဏ္ဍတို့တွင် အလေးထားမြှင့်တင်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။




ကျွန်မတို့နိုင်ငံ၏ ၂၀၁၄ ခုနှစ် အိမ်အကြောင်းအရာနှင့် လူဦးရေသန်းခေါင်စာရင်းအရ အသက် (၁၅-၁၉) နှစ်အုပ်စုတွင် အမျိုးသမီး ၂ ဒသမ၂ သန်းရှိပြီး ၁၃ ဒသမ ၂ ရာခိုင်နှုန်းသည် အရွယ်မတိုင်မီ မိခင်ဘဝရောက်ရှိခြင်းနှင့်အတူ အနာဂတ်မျှော်လင့်ချက်များဆုံးရှုံးပြီး ပညာရေးခရီးလမ်းကို ကျောခိုင်းခဲ့ရပါသည်။ ကျောင်းထွက်စာမှု၏ အကျိုးဆက်ကြောင့် ပညာရေးနိမ့်ကျမှုနှင့်အတူ ကျန်းမာရေး၊ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များရရှိမှုအားနည်းခြင်းတို့တွင် ပိုမို၍ ကြုံတွေ့နေရပါသည်။ သို့ပါ၍ ပညာရေးကဏ္ဍအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၄) ဖြစ်သည့် လူသားအားလုံး အကျုံးဝင်စေပြီး ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအတွက် ကျွန်မတို့နိုင်ငံအနေဖြင့် ကောင်းမွန်သော မိသားစုစီမံကိန်းများဖြင့် ဦးတည်ကြိုးပမ်းပုံဖော်သွားရမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးမှုသည် တိုးတက်လာသည့် နိုင်ငံ့လူဦးရေအပေါ်တွင် များစွာမူတည်နေပေသည်။ ဥပမာအနေဖြင့် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဆင်းရဲတွင်းမှ လွတ်ကင်းပြီး ကမ္ဘာ့ထိပ်တန်းနိုင်ငံများအဖြစ် ရပ်တည်နေသည်ကို အထင်အရှားတွေ့မြင်နိုင်ပေသည်။ အဆိုပါအချက်ကို အခြေခံ၍ လူဦးရေတိုးပွားနှုန်းကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် အဆိုပါ နိုင်ငံများအပေါ် အတုယူပြီး ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ သို့ပါ၍ လူဦးရေတိုးတက်နှုန်းမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုသံသရာမှ လွတ်ကင်းရန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၁)၏ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ နေရာဒေသအားလုံးတွင် ဆင်းရဲနွမ်းပါးမှု အဆုံးသတ်စေရေးဟူသည့် ပန်းတိုင်သို့ရောက်ရှိရန် ခရီးနှင်ချီတက်သွားရမည် ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်ပေါင်းကိုးသိန်းကျော်တွင် မွေးဖွားမှုပြဿနာကြောင့် သေဆုံးခဲ့ရသည့် မိခင် ၂၀၀၀ ကျော်ခန့်တွင် ဆယ်ကျော်သက်မိန်းကလေးများ အများအပြားပါဝင်နေသည်ကို သိရှိရပါသည်။ အထူးသဖြင့် အဆိုပါ အမျိုးသမီးငယ်များအတွက် မျိုးဆက်ပွား(သားဆက်ခြား) ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတ၊ အလေ့အထများနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံပေးရန် လိုအပ်ပါသည်။ သို့မှသာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၂) ဖြစ်သည့် လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေးဟူသည့် ပန်းတိုင်ကို ကျန်းမာရေး ဝန်ကြီးဌာန၏ လူတိုင်း လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး(Universal Health Coverage) ဟူသည့် ပန်းတိုင်နှင့်အပြိုင် မျှော်မှန်းနိုင်မည်ဖြစ်သည်။

ကမ္ဘာ့အနှံ့အပြားတွင် ကြုံတွေ့နေရသည့် နိုင်ငံရေးပဋိပက္ခများ၊ အငြင်းပွားမှုများ၊ စစ်ဘေး၊ သဘာဝဘေးများနှင့်အတူ လူဦးရေသန်း ၆၀ ခန့်သည် မိမိတို့၏ အိုးအိမ်များကို စွန့်ခွာခဲ့ရပြီး အဆိုပါ လူဦးရေများအနက် ဆယ်ကျော်သက် အမျိုးသမီးငယ်များ အများအပြားပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသမီးငယ်များသည် နှိပ်စက်ခံရခြင်း၊ လူကုန်ကူးခြင်း၊ အကြမ်းဖက်ခံရခြင်းဒဏ်၊ သက်ငယ်မုဒိမ်းမှုများကို ယနေ့မျက်မှောက်ခေတ်တွင် ပိုမိုရင်ဆိုင်ကြုံတွေ့လာရပါသည်။ သို့ပါ၍ အမျိုးသမီးငယ်များ၏ လူ့အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ သတင်းအချက်အလက် နည်းပညာအပိုင်းကို ပိုမိုရင်းနှီးပံ့ပိုးပေးရန်သည်လည်း အရေးကြီးလှပါသည်။

သို့ပါ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များသို့အရောက်လှမ်းနိုင်ရန် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှ ဆန်းသစ်တီထွင်နိုင်သော မိသားစုစီမံကိန်းများဖြင့် အနာဂတ်ကမ္ဘာကြီး ရေရှည်တည်တံ့စေရေးအတွက် ခြယ်မှုန်းပေးကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

# မိုးစပါးစိုက်ပျိုးသူ တောင်သူလယ်သမားများသို့ ခရုကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံသည့် ဈေးကွက်ဝင် သီးနှံထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် သီးနှံမျိုးများ၊ သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးပြီးသီးနှံများ ပိုးမွှားရောဂါကျရောက်ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးမှာလည်း အရေးကြီးလုပ်ငန်းတစ်ခုဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် မိုးစပါးရာသီတွင် ခရုကျရောက်ဖျက်ဆီးမှု မရှိစေရေးအတွက် စဉ်ဆက်မပြတ်ကွင်းဆင်းစစ်ဆေးရန်နှင့် အောက်ဖော်ပြပါ လုပ်ငန်းများအား လိုက်နာဆောင်ရွက်သွားပါရန် နှိုးဆော်အပ်ပါသည်။

(က) စပါးပျိုးထောင်ချိန်တွင် ကုန်းမြင့်ပိုင်း၌ ပျိုးပေါင်များဖြင့် ပျိုးထောင်ပါ။ ခရုဖျက်ဆီးမှုကို ခံနိုင်ရည်ရှိစေရန် ပျိုးသက်ရင့်မှ ရွှေ့ပြောင်းစိုက်ပျိုးပါ။ ခရုကျရောက်မှုများသော ဒေသဖြစ်ပါက သက်လျင်စပါးမျိုးများအတွက် ပျိုးသက်(၂၅-၃၀)ရက်သားနှင့် သက်ကြီးစပါးမျိုးများ အတွက် (၃၀-၃၅) ရက်သားတွင် ရွှေ့ပြောင်းစိုက်ပျိုးပါ။

(ခ) စပါးရွှေ့ပြောင်းစိုက်ပျိုးပြီး (၁၀)ရက်အတွင်း ရေထုတ်ပြီး တစ်ဧကလျှင် ထုံး ၁၅၀ ပိဿာနှုန်း ကြဲပက်ပေးပါ။

(ဂ) စပါးခင်းအတွင်း အသင့်အတင့်ကျယ်သော ရေဝပ်ကျင်း(သို့) အိုင်ငယ်လေးများ ပြုလုပ်ပြီး ခရုအားလုံး အိုင်ငယ်တွင် တစုတဝေးတည်း ရှိနေချိန်၌ ရေထုတ်ပြီး ကောက်ယူဖျက်ဆီးပါ။

(ဃ) ခရုများ ဥ ဥစေရန် ဝါးတိုင်ငယ်လေးများ စိုက်ပေးပြီး ဥအတွဲများကို ကောက်ယူဖျက်ဆီးပစ်ပါ။ အကောင်ငယ်နှင့် အကောင်ကြီးများကို လိုက်လံကောက်ယူပြီး အိတ်တွင်လေလုံပိတ်ချည်နှောင်ထားပါ။ ရေကတွတ်ပေါက်များ၊ ရေသွင်း ရေထုတ် မြောင်းပေါက်များတွင် ဆန်ကာ(သို့) ပိုက်ကွန်စိပ်စိပ်တပ်ဆင်၍ ဖမ်းယူဖျက်ဆီးပါ။

(င) စပါးခင်းအတွင်း ဘဲများလွှတ်ကျောင်းခြင်း၊ ငါးများမွေးမြူခြင်းဖြင့် ခရုဥနှင့် အကောင်ငယ်လေးများအား နှိမ်နင်းပါ။

(စ) ရေဝပ်ကျင်းများတွင် ပိန္နဲခွံ၊ နာနတ်ခွံ၊ ဒူးရင်းခွံစသည့် အနံ့မွှေးသော မျှားစာများ ချထားပြီး စုဝေးစားသောက်ချိန်တွင် အလွယ်တကူ ကောက်ယူဖျက်ဆီးပါ။

(ဆ) စပါးများရိတ်သိမ်းပြီးချိန်တွင် စပါးခင်းအတွင်း ဘဲများလွှတ်ကျောင်းခြင်း၊ မြေအခြောက်ထွန်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါ။

(ဇ) ဈေးကွက်တွင် ဝယ်ယူရရှိနိုင်သော နီကလိုစာမိုဒ် (Niclosamide 70 WP) နှင့် မက်တာလ်ဒီဟိုက်ဒ် (Metaldehyde ၅ ရာခိုင်နှုန်း၊ ၆ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်း) တို့ကို ခရုနှင့် တိုက်ရိုက်ထိအောင် ထည့်ပေးပါ။ ဆေးထည့်ပြီး (၂-၃) ရက်အကြာတွင် ဆေး၏ ထိရောက်မှုကို တွေ့ရှိရပါမည်။ ခရုသတ်ဆေးများသည် ဆောင်းခိုပြီး စပါးခင်းထဲသို့ ပြန်လည်ဝင်ရောက်လာသည့် ခရုများကို မသေစေနိုင်ခြင်းကြောင့် နီကလိုစာမိုဒ် ၂၅၀ အီးစီ(Niclosamide 250 EC) ကို တစ်ဧကလျှင် ၂၀၀ မီလီလီတာနှုန်း ပက်ဖျန်းခြင်းဖြင့် ခရု ၈၀ ရာခိုင်နှုန်းကို သေစေပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ရွှေဖုံးမှ**

ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံရုံးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်သည် လာမည့်နှစ်များအတွင်း မိမိနိုင်ငံအတွက် အကျိုးရှိစေမည့် အထူးလိုအပ်လျက်ရှိနေသည့် ဆန်းသစ်တီထွင်ထားသည့် ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်နိုင်ရန်အတွက် တန်ဖိုးရှိသည့် မှုဘောင်တစ်ခုဖြစ်ပါကြောင်း၊ ကျင့်ဝတ်သိက္ခာကောင်းမွန်ခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း၊ တာဝန်ခံမှုရှိခြင်းဆိုသည့် “မှု”များအပေါ် အခြေခံပြီး လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်ချက် ခိုင်မာမှုရှိသည့် ဝန်ထမ်းအဖွဲ့အစည်းသည် ကောင်းမွန်သော ဒီမိုကရေစီအုပ်ချုပ်ရေး၏ ကျောရိုးမဏ္ဍိုင်ပင်ဖြစ်ပါကြောင်း။

အရွေးချယ်ခံ အစိုးရအဖွဲ့ဝင်များသည် ပြည်သူ့ဆန္ဒနှင့်အညီ တက်လာလိုက်၊ ဆင်းသွားလိုက်ဖြင့် ပြောင်းလဲနေမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးယန္တရားအဆက်ပြတ်မသွားရေး၊ အဖွဲ့အစည်းတစ်ခုလုံးအတွက် မှတ်တမ်းမှတ်ရာများ မေ့ပျောက်မသွားရေး၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုစသည့် နိုင်ငံတော်ယန္တရားကြီးကို ဟန်ချက်ညီညီ တည်တည်ငြိမ်ငြိမ် လည်ပတ်စေသည့် ကိစ္စအရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်ရသည်မှာ ပြည်သူ့ဝန်ထမ်းများ ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်သည် ပြည်သူ့ဝန်ထမ်းများကို တာဝန်အသစ်နှင့် ဝတ္တရားအသစ်များ အပ်နှင်းပေးပါကြောင်း၊ ဒီမိုကရက်တစ်အစိုးရများ၏ လက်အောက်တွင် ပြည်သူ့ဝန်ထမ်းများသည် ကိုယ်တိုင်ကြံဆ ဖော်ဆောင်နိုင်သည့် အရည်အချင်းရှိကြရမည်ဖြစ်ပါကြောင်း၊ သုံးသပ်ရွေးချယ်နိုင်ရန် မူဝါဒများ ဖော်ထုတ်တင်ပြခြင်း၊ ခက်ခဲသည့် ပြဿနာရပ်များနှင့်ပတ်သက်၍ ဖြေရှင်းနည်း အဆိုပြုချက်များ တင်ပြပေးခြင်းတို့ကို လုပ်ဆောင်နိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများသည် လုပ်ငန်းတစ်ရပ်ဆောင်ရွက်ရာတွင် မိမိတို့အထက်အရာရှိ၊ ဝန်ကြီးများသိရမည့် အကြောင်းအကျိုး၊ အကောင်းအဆိုးများကို ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား၊ ဘက်လိုက်မှုကင်းကင်းနှင့် သတ္တိရှိရှိတင်ပြနိုင်ရမည်ဖြစ်ပါကြောင်း၊ တင်ပြရန်တာဝန်လည်း ရှိကြပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မလိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဖယ်ရှားပေးနိုင်ရန် ဌာနတစ်ခုနှင့်တစ်ခုအကြား၊ ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခုအကြား ပူးပေါင်းလုပ်ဆောင်မှုကို အဟန့်အတားဖြစ်စေသည့် အတွေးအခေါ်၊ အစဉ်အလာများကို ပယ်ဖျက်ပေးရန်၊ အစိုးရအဖွဲ့ကြီးတစ်ခုလုံး ထိရောက်ကောင်းမွန်လာစေမည့် တီထွင်ကြံဆမှုနှင့် အတွေးအခေါ်သစ်များ ထုတ်ဖော်ပေးရန်တို့ကို ဒီမိုကရေစီစနစ်က အားပေးပါကြောင်း။

ဒီမိုကရေစီစနစ်တွင် “မလုပ်၊ မရှုပ်၊ မပြုတ်” အတွေးအခေါ်အတွက် နေရာမရှိနိုင်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအပေါ်တွင် တာဝန်ခံရမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သမာသမတ်ရှိရှိ၊ လုပ်ငန်းတာဝန်သိသိ၊ အသိဉာဏ်ပါပါ၊ နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံက နိုင်ငံ့ဝန်ထမ်းများသည် ယင်းမျှော်လင့်ချက်များကို ပြည့်ဝလာအောင် အကောင်အထည်ဖော်ပေးနိုင်ရုံသာမက ကမ္ဘာပေါ်တွင် အထက်မြက်ဆုံး ဝန်ထမ်းကောင်းများ ဖြစ်လာနိုင်သည့် အလားအလာရှိကြသည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့အခွင့်အခါ ကြုံကြိုက်စဉ်တွင် အသိအမှတ်ပြုခံလိုခြင်းအတွက်၊ ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်အတွက်၊ ဂုဏ်ကျော်ကြားမှုအတွက် မဟုတ်ဘဲ ပြည်သူကို အကျိုးပြုဖို့သက်သက်၊ မကြာခဏပေါ်ပေါက်တတ်သည့် အခက်အခဲ စိန်ခေါ်မှုအမျိုးမျိုးအကြားတွင် တာဝန်ထမ်းဆောင်နေသည့် ပြည်သူ့ဝန်ထမ်းများအားလုံးကို ဂုဏ်ပြုလိုက်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ကိုင်နေကြသည့် လုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူကြပါ၊ ပြည်သူအများမျှော်လင့်တောင့်တနေသည့် တည်ငြိမ်လုံခြုံပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ကို ဖော်ဆောင်ပေးရာတွင် နေ့စဉ်နေ့တိုင်း ပါဝင်ဆောင်ရွက်ခွင့်ရရှိစေသည့် မိမိတို့၏အခန်းကဏ္ဍကို ဂုဏ်ယူကြပါဟု ပြောကြားလိုပါကြောင်း။

> “ဒီမိုကရေစီစနစ်တွင် “မလုပ်၊ မရှုပ်၊ မပြုတ်” အတွေးအခေါ်အတွက် နေရာမရှိနိုင်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအပေါ်တွင် တာဝန်ခံရမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သမာသမတ်ရှိရှိ၊ လုပ်ငန်းတာဝန်သိသိ၊ အသိဉာဏ်ပါပါ၊ နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ဆောင်ရွက်ပေးကြရမည်”

မိမိတို့ အစိုးရအဖွဲ့အနေဖြင့်လည်း မိမိတို့၏ ဝန်ထမ်းများကို ဂရုတစိုက်စောင့်ရှောက်ပေးရမည့်တာဝန်များရှိသည်ကို သိရှိနားလည်ထားပါကြောင်း၊ မိမိတို့ဝန်ထမ်းများ သင့်လျော်မျှတသည့် လုပ်ခလစာရရှိရေး၊ ကောင်းမွန်သည့် အထွေထွေခံစားခွင့်များ ရရှိခံစားနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းအများစု၏ လုပ်ခလစာနှုန်းထားသည် အခြားနယ်ပယ်များက ဝန်ထမ်းများနှင့်နှိုင်းယှဉ်ပါက နိမ့်ကျနေသေးသည်ကို မိမိတို့သိရှိပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ပြောပြလိုပါကြောင်း၊ ယင်းပြဿနာကို ချက်ချင်းဖြေရှင်းပေးနိုင်မည့် နည်းမရှိသေးပါကြောင်း၊ လုပ်ခလစာတိုးမြှင့်ပေးသည့်အချိန်တွင် လေးလေးနက်နက် စဉ်းစားသုံးသပ်ပြီး ရေရှည်တည်တံ့အောင် ဖြည်းဖြည်းချင်း တိုးမြှင့်ပေးရမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ ရသုံးမှန်းခြေ ငွေစာရင်းအခြေအနေနှင့်အညီလည်း ဆောင်ရွက်ရပါကြောင်း။

လစာတိုးမြှင့်ရေးသည် မိမိတို့ဝန်ထမ်းများ မျှော်လင့်သကဲ့သို့ ချက်ချင်းမဖြစ်နိုင်သေးသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဝန်ထမ်းများကို အခြားနည်းလမ်းများဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ ပိုမိုကောင်းမွန်သည့် အလုပ်ခွင်ဖန်တီးခြင်း၊ မိသားစုဝင်များအတွက် နေမှုထိုင်မှုအခြေအနေ ပိုပြီးကောင်းမွန်လာစေခြင်းတို့ ဖြစ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စတင်လုပ်ဆောင်နေသည့် လုပ်ရပ်တစ်ခုအနေဖြင့် အဆင့်မြင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေသကဲ့သို့ အငြိမ်းစားယူပြီး ပြည်သူ့ဝန်ထမ်းများအားလုံး နိုင်ငံအပေါ် သစ္စာရှိစွာ နှစ်ရှည်လများ တာဝန်ထမ်းဆောင်ပြီးချိန်တွင် လုံလုံခြုံခြုံ၊ သိက္ခာရှိရှိ နေထိုင်သွားနိုင်ရန် အိမ်ရာများ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ထူးကဲသည့်နည်းပညာနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ယင်းစိန်ခေါ်မှုများထဲတွင် ရှုပ်ထွေးနက်နဲသည့် မူဝါဒချမှတ်မှုများနှင့် အလျှော့အတင်းလုပ်ရမည့် ကိစ္စများလည်း ပါရှိနေပါကြောင်း၊ အခြားနိုင်ငံများတွင် ဆယ်စုနှစ်ပေါင်းများစွာ တဖြည်းဖြည်းချင်း ဖြေရှင်းယူလာခဲ့သည့် ပြဿနာများကို မိမိတို့နိုင်ငံအနေဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း၌ ဖြေရှင်းယူရမည့် အနေအထားတွင် ရှိနေပါကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများ၏ အောင်မြင်မှု၊ မှားယွင်းမှုများကို သင်ခန်းစာယူပြီး တစ်ဖက်တွင်လည်း နည်းပညာသစ်များ၊ တီထွင်ကြံဆမှုများနှင့် အခွင့်အလမ်းများကို ခုန်ပျံကျော်လွှား ရှာဖွေကြိုးပမ်း အားထုတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖက်ဒရယ်အစိုးရ ထွက်ပေါ်လာခြင်းဖြင့် ကြုံတွေ့လာနိုင်သည့် ပြောင်းလဲမှု၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများလည်း ပြုလုပ်ထားရန် လိုအပ်ပါကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရန် အဓိကအားဖြင့် ဉာဏ်ပညာထက်မြက်မှု၊ ခက်ခဲနက်နဲသည့် စီမံခန့်ခွဲမှု၊ ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်တတ်မှုနှင့် ထက်ထက်မြက်မြက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်မှု စသည့် အရည်အချင်းများ လိုအပ်ပါကြောင်း၊ ယင်းတို့ကို ကြိုးပမ်းဖော်ဆောင်ပေးရမည့်သူများ၊ လုပ်ငန်းများ၏ အောင်မြင်မှုအတွက် အဓိကကျသည့်သူများမှာ ပြည်သူ့ဝန်ထမ်းများပင် ဖြစ်ပါကြောင်း၊ ဒါကြောင့် ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများကို မိမိတို့၏ တန်ဖိုးအရှိဆုံး အရင်းအမြစ်ဖြစ်သည့် ဝန်ထမ်းများ၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးကြရန် တိုက်တွန်းနေခြင်းဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် ပြည်သူ့ဝန်ထမ်းများအတွက် နိုင်ငံရပ်ခြားတွင် လေ့ကျင့်ရေးသင်တန်းများ သွားရောက်လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ ပိုမိုပြီး ပွင့်လန်းလာသည့်အတွက် ကျေနပ်အားရမိပါကြောင်း၊ ထိုအခွင့်အလမ်းများကို စနစ်တကျအစီအစဉ်များ ချမှတ်ပြီး လက်တွေ့ကျကျ အာရုံစိုက်အသုံးချသွားနိုင်မည်ဆိုပါက မိမိတို့၏ ပြည်သူ့ဝန်ထမ်းများအတွက် အဖိုးထိုက်တန်သည့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအသစ်များနှင့် မူဝါဒဆိုင်ရာ ပညာရပ်များ ရရှိတိုးပွားလာမည်ဖြစ်ပါကြောင်း။

ယနေ့ထုတ်ပြန်လိုက်သည့် မဟာဗျူဟာစီမံချက်သည် ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်နှင့် အရည်အချင်းကိုအခြေခံပြီး ချီးမြှင့်မြှောက်စားမှုပြုသည့် ယဉ်ကျေးမှုအစဉ်အလာနှင့် စနစ်ထွန်းကားရေးအတွက် အရေးပါမှုကို အသိအမှတ်ပြုထားပါကြောင်း။

ဝန်ထမ်းများကို ရာထူးတိုးမြှင့်မြှောက်စားရာတွင် ဓမ္မဓိဋ္ဌာန်ကျပြီး ပွင့်လင်းမြင်သာမှုရှိသည့် သတ်မှတ်တိုင်းတာချက်များဖြင့် ဆုံးဖြတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ရည်ကိုင်ရည်နှင့် စွမ်းရည်အလားအလာရှိမှုကို သုံးသပ်နိုင်ရမည်ဖြစ်ပါကြောင်း၊ ဘက်လိုက်မျက်နှာသာပေးခြင်းနှင့် နီးစပ်သူကိုချီးမြှောက်သည်ဟု အထင်အမြင် စိုးစဉ်းမျှပင် မရှိစေနိုင်ရန် အစွမ်းကုန်ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူ့ဝန်ထမ်းများ၏ ကြိုးစားအားထုတ်လိုစိတ်၊ တက်တက်ကြွကြွ အလုပ်လုပ်ကိုင်လိုစိတ်များ အမှန်တကယ်ပေါ်ထွန်းလာစေပြီး တစ်ဖက်တွင်လည်း လုပ်ငန်းခွင်တွင် လူမှန်နေရာမှန် ဖြစ်လာစေမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများသည် နိုင်ငံအတွင်းရှိသည့် မတူကွဲပြားမှုများကို ရောင်ပြန်ဟပ်ရန် အရေးကြီးပါကြောင်း၊ ယနေ့ အထက်တန်း ကျောင်းသား ကျောင်းသူတိုင်းသည် ၎င်းတို့၏ မွေးရပ်ဇာတိမြေ၊ လူမျိုးစု၊ ကိုးကွယ်သောဘာသာ၊ အသိုင်းအဝိုင်း၊ ဥစ္စာဓနေ၊ ကျား/မ လိင် ကွာခြားမှုများကြောင့် အနာဂတ်တွင် ဝန်ထမ်းလောကထဲသို့ ဝင်ရောက်နိုင်ရေး အခွင့်အလမ်းများ ပိတ်ဆို့နေမည်ကို မခံစားစေသင့်ပါကြောင်း၊ မည်သည့်နောက်ခံအသိုင်းအဝိုင်းကဖြစ်ဖြစ် အကောင်းဆုံး၊ အတော်ဆုံးများကို ပြည်သူ့ဝန်ထမ်းလောကအတွင်း ဝင်ရောက်ပြီး အနေမြဲစေမည့်ဝန်ထမ်းရွေးချယ်ခန့်အပ်ရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမှန်တကယ် အားလုံးပါဝင်ခွင့်ရှိသည့် ဝန်ထမ်းလောကကို ဖန်တီးနိုင်ခြင်းသည် မှန်ကန်သည့်တန်ဖိုးထားမှုများ မြှင့်တင်ပေးသည့်အပြင် လက်တွေ့ကျသည့် အကျိုးဖြစ်ထွန်းမှုကိုလည်း ရရှိစေမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ပြည်သူ့ဝန်ထမ်းကျင့်ဝတ် တောင့်တင်းခိုင်မာရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် လေ့ကျင့်သင်ကြားမှုများပေးရန်၊ တိုင်ကြားရေးနှင့် ဖော်ထုတ်ရေးဆိုင်ရာ ယန္တရားထိရောက်မှုရှိရန်၊ အဆင့်မြင့်ရာထူးရာခံရှိသူများ၏ ပိုင်ဆိုင်မှုများကို ထုတ်ဖော်ကြေညာရန်၊

**စာမျက်နှာ ၉ သို့ »»**

## ပြည်တွင်းရေးရာ

»» စာမျက်နှာ ၈ မှ

နည်းပညာအသစ်များနှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားနိုင်မှု အခွင့်အလမ်းကို နည်းပါးအောင်ဆောင်ရွက်ရန်စသည့် အစီအစဉ်များလည်း ထည့်သွင်းဆောင်ရွက်ထားပါကြောင်း။

အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်းသည် မဟာဗျူဟာစီမံချက်တစ်ခုလုံး၏ ရည်မှန်းချက်အောင်မြင်ရေးကို အထောက်အကူဖြစ်စေမည့်အပြင် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိမိတို့ဝန်ဆောင်မှုပေးနေသည့် လူ့ဘောင်အဖွဲ့အစည်းအကြားတွင် ယုံကြည်မှုကိုလည်း တိုးတက်ဖြစ်ထွန်းစေပါကြောင်း၊ ယုံကြည်မှုကို တည်ဆောက်သည့်နေရာတွင် ပြည်သူ့ဝန်ထမ်းအနေဖြင့် သိက္ခာရှိရှိနေတတ်ရန်၊ ဘက်လိုက်မှုကင်းရှင်းရန်၊ မိမိအလုပ်နှင့်ပတ်သက်ပြီး တာဝန်ယူမှုရှိရန် လိုအပ်ပါကြောင်း၊ တစ်ချိန်တည်းတွင် အများပြည်သူဘက်ကလည်း ပြည်သူ့ဝန်ထမ်းများအပေါ် လေးစားမှုနှင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံရန် လိုအပ်ပါကြောင်း၊ ထိုသို့ အပြန်အလှန် ယုံကြည်လေးစားမှုကို အချိန်ယူတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ တည်ဆောက်နိုင်မှလည်း အများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်သည် ရှုပ်ထွေးနက်နဲသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ အပြောင်းအလဲကို ရှာဖွေဖော်ဆောင်ရာတွင် လက်ရှိဖွဲ့စည်းတည်ဆောက်မှုနှင့် လုပ်ငန်းစဉ်များကို သာမက ယဉ်ကျေးမှုတစ်ရပ်ဟု ခေါ်ဆိုနိုင်သည့် ကာလရှည်ကြာစွာ အမြစ်တွယ်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အကျင့်စရိုက်ဟောင်းများကို ပယ်ဖျက်ပစ်ပြီး ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ခက်ခဲရှုပ်ထွေးပါကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် အနာဂတ်တွင် ဖက်ဒရယ်စနစ်ကျင့်သုံးရာမှ ထွက်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် လိုအပ်ပါကြောင်း။

မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ယင်းတာဝန်ကို မတွန့်မဆုတ်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း မိမိတို့နိုင်ငံ၏အစွမ်းအစများကို အမှန်တကယ်ထွက်ပေါ်လာစေလိုလျှင် မိမိတို့၏ ပြည်သူ့ဝန်ထမ်း တစ်ဦးတစ်ယောက်ချင်းစီ၊ အစုအဖွဲ့တစ်ခုချင်းစီ၏ စွမ်းရည်များကို တိုးတက်လာအောင် ဖော်ထုတ်ပေးရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်လမ်းကြောင်းကို လျှောက်လှမ်းပြီး မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး အမှန်တကယ်လေးစားဂုဏ်ယူအားထားရသည့် ဝန်ထမ်းအဖွဲ့အစည်းကောင်းတစ်ရပ် ဖြစ်လာရေးဆိုသည့် ဘုံရည်မှန်းချက်အတွက် မိမိတို့အားလုံး တစ်သွေးတစ်သားတည်း ညီညီညွတ်ညွတ် ကြိုးပမ်းအကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်၍ ဆက်လက်ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီစဉ်မှ Country Director, Mr. Peter Batchelor တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်ဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့်အုပ်ချုပ်ရေးမဏ္ဍိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့ ဦးဆောင်သည့် ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်မှ အကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်



ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။

အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ အကြီးအကဲများရှေ့မှောက်တွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (Civil Service Reform Strategic Action Plan 2017-2020) ကို ထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အတွက် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည့် ပထမအကြိမ် အကြံပြုအလုပ်ရုံဆွေးနွေးပွဲဖြင့် လုပ်ငန်းစဉ်ကိုအစပျိုးပေးခဲ့ပြီး နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အနာဂတ်မျှော်မှန်းချက်ကိုလည်း ချမှတ်ပေးနိုင်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲပြီးနောက် အကြံပြုအလုပ်ရုံဆွေးနွေးပွဲ လေးခုကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်ကျင်းပခဲ့ရာ ကိုယ်စားလှယ်စုစုပေါင်း ၁၂၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မဟာဗျူဟာစီမံချက်ရေးဆွဲရာတွင် အကြံပြုချက်များကို ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေးနှင့် ပြည်သူများထံ တိုင်ပင်ဆွေးနွေးမှုပြုနိုင်ရန် ၂၀၁၇ ခုနှစ် ဧပြီလတွင် မဟာဗျူဟာစီမံကိန်း၏ရလဒ်များနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များနှင့် Facebook account များဖွင့်လှစ်၍ ပွင့်လင်းမြင်သာမှုရှိစွာ ကြေညာပေးခဲ့သည်။ လူမှုမီဒီယာနှင့် သမားရိုးကျမီဒီယာများကို အသုံးပြု၍ ပြည်သူလူထုသိရှိနိုင်ရေး ဆောင်ရွက်ခဲ့သကဲ့သို့ ပိုမိုကျယ်ပြန့်သည့် ဆက်စပ်ပတ်သက်သူအမျိုးမျိုးထံမှလည်း တုံ့ပြန်အကြံပြုမှုများရရှိနိုင်ရန် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အကြံပြုအလုပ်ရုံဆွေးနွေးပွဲများမှ မဟာဗျူဟာစီမံချက်မူကြမ်းကို အကြိမ်ကြိမ်ဆွေးနွေးပြင်ဆင်ခဲ့ပြီးနောက် ယနေ့တွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ခြင်းဖြစ်သည်။

မဟာဗျူဟာစီမံချက်ကို နိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်ပြည့်ဝရေး၊ ပွင့်လင်းမြင်သာမှုရှိရေးနှင့် အားလုံးပါဝင်နိုင်



Mr. Peter Batchelor (Country Director)

ရေးတို့အတွက် ရေးဆွဲခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက နိုင်ငံ့ဝန်ထမ်း အုပ်ချုပ်မှုပုံစံသစ်ကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဗရတ်ဆင်းက အရည်အချင်းကို အခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသော အလေ့အထနှင့် စနစ်များကိုလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုးက ပြည်သူဗဟိုပြု နိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန် ခေါင်းဆောင်မှုပေးနိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဦးထင်ကျော်က နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုများကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်လုပ်ငန်း အစီအစဉ်ကို အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်လေ့လာမှု လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဦးစားပေးနယ်ပယ်လေးခုအပေါ် အုပ်စုရှစ်စုခွဲ၍ အသေးစိတ်ဆွေးနွေးကာ အဖွဲ့လိုက်ဆွေးနွေးရရှိမှုကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် (အငြိမ်းစား) ဦးမြသိန်း ဦးဆောင်၍ ပြန်လည်တင်ပြသုံးသပ်ဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါဖိုရမ်ကို ဇူလိုင် ၁၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာစီမံချက်၏ အုပ်ချုပ်မှု အစီအမံများ** (ယာပုံ) **နှင့် နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာစီမံချက်အား ဦးတည်ဆောင်ရွက်မည့် နယ်ပယ်လေးခု** (အောက်ပုံ)။





# ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ညနေ ၆ နာရီမှ ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၆ နာရီ အထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှုယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။
(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။
(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်မွှာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး) များသို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဓီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်/ သံပိုက်/ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)များသို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။




# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအသင်းနှင့် သတင်းနှင့်စာနယ်ဇင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများတက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဘောလုံးအသင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပထမရရှိသော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်း **(ယာပုံ)**အား ဆုဖလားကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ငွေသားဆုကို လည်းကောင်း၊ ဒုတိယရရှိသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းအား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးကလည်းကောင်း၊ တတိယဆုရရှိသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းအား ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အလုပ်သမားများ၏လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးဆိုင်ရာများအတွက် အများပြည်သူများ သိရှိစေရန် စာနယ်ဇင်းမိတ်ဆက်

**ရန်ကုန် ဇူလိုင် ၁၀**

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံ၏ လိုအပ်ချက်တစ်ခုဖြစ်သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးဆိုင်ရာ အသိပညာများဖြန့်ဝေပေးခြင်း၊ တန်ဖိုးရှိသောလူ့အသက်များကို လုပ်ငန်းခွင်တွင်ဖြစ်ပွားတတ်သော မတော်တဆမှုများမှ ကြိုတင်ကာကွယ်မှုပေးနိုင်ရန်နှင့် ထိခိုက်ဒဏ်ရာရမှုနှုန်း လျှော့ချပေးရန်၊ တစ်ဦးတစ်ယောက်ချင်းမှသည် အဖွဲ့အစည်းသို့၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးတွင် နေ့စဉ်လူနေမှုဘဝနှင့် လုပ်ငန်းခွင်အတွင်း လုံခြုံရေးဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း ယဉ်ကျေးမှုတစ်ရပ်ထွန်းကားလာစေရန်ရည်ရွယ်၍ EOM Trading Company မှ မြန်မာနိုင်ငံ၏ပထမဆုံးသော Safety Security Marine & Engineering Expo 2017 ပြပွဲနှင့် ပတ်သက်၍ အကြိုစာနယ်ဇင်းမိတ်ဆက်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ဗိုလ်တထောင်ကမ်းနားရှိ Vintage Luxury Yacht Hotel(ရေပေါ်ဟိုတယ်)၌ ကျင်းပသည်။



"ကျွန်မတို့တွေ့ရှိလာတဲ့အချက်ကတော့ တချို့သောဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အလုပ်ရှင်တွေက PPE များ ထားပေးသော်လည်း အလုပ်သမားတွေက တပ်ဆင်အသုံးပြုမှုမရှိတာ၊ နည်းစနစ်မှန်စွာအသုံးမပြုတတ်တာတွေကြောင့် မလိုလားအပ်တဲ့ ထိခိုက်ဒဏ်ရာ ရရှိခြင်း၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်းနဲ့ အသက်ဆုံးရှုံးခြင်းတွေအထိ ဖြစ်လာတာတွေ့ရပါတယ်။ ဒါကြောင့် ကျွန်မတို့ နိုင်ငံမှာ Safety နဲ့ပတ်သက်ပြီး အသိပညာပေး၊ နည်းပညာမျှဝေခြင်းလုပ်ငန်းတွေ ထိထိရောက်ရောက်လုပ်ဖို့ လိုအပ်လာတာကို သိလာတယ်။ အများပြည်သူတွေအနေနဲ့လည်း မိမိတို့နေ့စဉ်နေထိုင်လုပ်ကိုင် ဆောင်ရွက်နေတဲ့ ပတ်ဝန်းကျင်မှာ မထင်မှတ်ထားတဲ့ ဘေးအန္တရာယ်ကျရောက်လာနိုင်တယ်ဆိုတာကို သိရှိစေပြီး ကြိုတင်ကာကွယ်မှုတွေပြုလုပ်နိုင်ဖို့အတွက် လုံခြုံရေးနဲ့ဆိုင်တဲ့ နားလည်မှုတစ်ခုပြုလုပ်မယ်ဆိုတဲ့ အကြံကစပြီး နိုင်ငံတကာကုန်စည်ပြပွဲပြုလုပ်ဖို့ စိတ်ကူးပေါ်လာခြင်းပဲဖြစ်ပါတယ်" ဟု EOM Trading Company မှ ဒါရိုက်တာ ရည်မွန်သူက ပြောသည်။

အဆိုပါ ပြပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ လုံခြုံရေးဆိုင်ရာ ပစ္စည်းအရောင်းဆိုင်များမှ ၁၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးများဖြင့် ရောင်းချပေးမှုများအပြင် လုံခြုံရေးသင်တန်းများ၏ လုံခြုံရေးဆိုင်ရာပစ္စည်းများအသုံးပြုပုံများကို သရုပ်ပြသခြင်း၊ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောဆွေးနွေးမှုများ၊ လုံခြုံရေးဆိုင်ရာ အသိပညာဗဟုသုတများအတွက် ပညာပေးဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် International Labour Organization(ILO)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရန်ကုန်တိုင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့၏ ပညာပေးပြခန်းများ၊ မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ဝင်များ၏ Indoor Climbing၊ လုံခြုံရေးနှင့် ဆက်စပ်သောပစ္စည်းများ စုစည်းပြသထားသောပြခန်း၊ အများပြည်သူ စိတ်ဝင်စားဆော့ကစားနိုင်မည့် အစီအစဉ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**(အေးမင်းသူ)**



# ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ယာယီရွှေ့ပြောင်းနေရသည့် အိမ်ထောင်စုများအတွက် ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ထမင်းထုပ်များ သွားရောက်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၀**

မကြာသေးမီရက်များအတွင်းက ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် နေအိမ်များပျက်စီးခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မှန်ပင်ကျေးရွာ သာသနာ့ဝေပုလ္လဘုန်းတော်ကြီးကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ညောင်ပင်သာ ကျေးရွာအုပ်စုနှင့် ဇီးကျွန်းကျေးရွာတို့မှ အိမ်ထောင်စု ၂၃စု (လူဦးရေ ၁၅၀ ခန့်) တို့အတွက် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ဇူလိုင် ၈ရက်မှ ၁၀ အထိ နေ့လယ်စာနှင့် ညနေစာများကို အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ဖောင်ဒေးရှင်း အဖွဲ့ဝင်များကိုယ်တိုင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ဖောင်ဒေးရှင်းသည် ဇူလိုင် ၇ ရက်ကလည်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သော ခန္တီးမြို့ ပေါ်မိုင်းရပ်ကွက်၊ မြို့မရပ်ကွက်နှင့် ဇီးဖြူကုန်းရပ်ကွက်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၉၆၀ အတွက် နံနက်စာနှင့် ညနေစာ ထမင်းထုပ်များကို သွားရောက်လှူဒါန်းခဲ့သည်။

အလားတူ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် ကလေးမြို့ ရေဘေးနှင့် ကောလင်းမြို့ ရေဘေးတို့ အပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသည် ရေဘေးသင့်ပြည်သူများအတွက် ထမင်းထုပ်များ၊ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်း အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(ဝ၁ဝ)**

# မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အရေးကိစ္စ ရှင်းလင်းတင်ပြမည်

**ဗန်ကောက် ဇူလိုင် ၁၀**

ထိုင်းနိုင်ငံတွင် မကြာမီကဖြစ်ပေါ်ခဲ့သော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အထွေထွေအခြေအနေအရပ်ရပ်နှင့် လတ်တလော ဆက်စပ်အကြောင်းတို့ကို မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီဖြစ်သော Joint Action Committe For Burmese Affairs (JABCA) က မြန်မာနိုင်ငံအခြေစိုက်သတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူတို့အား MJN ရုံး၌ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရှင်းလင်းတင်ပြမည် ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများနှင့် လုပ်ငန်းရှင်များအတွက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာက ဇွန် ၂၀ ရက်တွင် ထပ်မံပြဋ္ဌာန်းလိုက်သည့် ဥပဒေသစ်အားထိုင်းနိုင်ငံအတွင်းလက်ရှိ ဖမ်းဆီးမှုများ ဖြစ်ပေါ်နေသောအခြေအနေများကြောင့် ဥပဒေသစ်ကို ခေတ္တရပ်နားထားကြောင်း ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနမှ ဇွန် ၂၉ ရက်ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၃ မိနစ်တွင် ရုပ်/သံသတင်းဌာနများနှင့် အခြားသတင်းဌာနများတွင် သတင်းထုတ်ပြန်ခဲ့ကြောင်း ထိုင်းနိုင်ငံရှိ အလုပ်သမားအရေး ဆောင်ရွက်သည့်အဖွဲ့အစည်းများထံမှ သိရသည်။

ထိုင်းနိုင်ငံ၌ ပြီးခဲ့သည့် ဇွန် ၂၀ ရက်က ထပ်မံပြဋ္ဌာန်းလိုက်သည့် ဥပဒေသစ်အရ အထောက်အထားမရှိသည့် အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရှင်အပါအဝင် အလုပ်သမားများကို ဖမ်းဆီးရမိပါက ဒဏ်ငွေအဖြစ် ထိုင်းဘတ်ငွေ လေးသိန်းမှ ရှစ်သိန်းအထိ ချမှတ်နိုင်ကြောင်း၊ အလုပ်လုပ်ခွင့်မရှိဘဲ အလုပ်လုပ်ကိုင်ခြင်း (သို့မဟုတ်) နိုင်ငံခြားသားအလုပ်သမားများကို တားမြစ်ထားသည့် အလုပ်များကို လုပ်ကိုင်သည့်အလုပ်သမားအား ထောင်ဒဏ်ငါးနှစ်ထက်မပိုသည့် ပြစ်ဒဏ် (သို့မဟုတ်) ထိုင်းဘတ်ငွေ နှစ်ထောင်မှ တစ်သိန်းအထိရှိသည့် ဒဏ်ကြေးငွေကို ချမှတ်ခွင့်ရှိပြီး ပြစ်ဒဏ်နှစ်မျိုးလုံးကိုလည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်းနှင့် အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အရေးကိစ္စရှင်းလင်းတင်ပြမည်ဖြစ်ရာ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ဦးမိုးကြိုး (ခ)သောင်ရင်းနဂါး၏ ဖုန်း ဝ၉-၇၆၃၂၆၃၈၃၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ထိုင်းနိုင်ငံရှိ အလုပ်သမားအရေး ဆောင်ရွက်သည့် အဖွဲ့အစည်းများထံမှ သိရသည်။

**(စိုးဝင်း-MLA)**

❑



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ လှည့်လည်၍ မှုခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် ပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးပြသစဉ်။ (ကြေးမုံ)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ချိန်းတဲ့ညမဂ္ဂဇင်း ဟာသဝတ္ထုရှည်များ(၃) | ကြပ်ကလေး | ၃၅၀၀ | စိတ်ကူးချိုချို |
| ၂ | သစ္စာတည်ရာ | မီမိုး | ၂၅၀၀ | မိုးစာပေ |
| ၃ | ဥက္ကာ၌ရွှေးပွဲ | နတ်ရဲ(ရူပဗေဒ) | ၄၀၀၀ | မျိုးဆက်သစ် |
| ၄ | အတ္တလန်တစ်ရှာပုံတော် | သင့်လူ | ၅၅၀၀ | ငါတို့စာပေ |
| ၅ | လှပရုပ်စုံ ကာတွန်းများ(၂) | ပန်းချီ ဦးဘကြည် | ၇၅၀၀ | စိတ်ကူးချိုချို |
| ၆ | မြန်မာသမိုင်းမှ ထင်ပေါ် ကျော်ကြားအနုပညာရှင်များ | ကောင်းပြည့်စုံ | ၂၅၀၀ | စာပေနန်းတော် |
| ၇ | ကျွန်တော်ရယ် ထောက်လှမ်းရေးရယ် နဝတနှင့် နအဖရယ် | ဦးခင်ညွန့် | ၃၀၀၀ | ပန်းမျိုးတစ်ရာ |
| ၈ | ငါးရာ့ငါးဆယ် ဇာတ်ပင်လယ်(ပ)တွဲ | မင်းသုဝဏ် | ၂၅၀၀ | မုံရွေး |
| ၉ | ငါးရာ့ငါးဆယ် ဇာတ်ပင်လယ်(ဒု)တွဲ | မင်းသုဝဏ် | ၃၀၀၀ | မုံရွေး |
| ၁၀ | မြန်မာတွေ မညံ့ပါဘူး | ဟန်စိုး | ၂၀၀၀ | ပဥ္စဂံ |
| ၁၁ | ပဲပုပ်၊ ပဲပိစပ်၊ ပင်စိမ်းနှင့်နွယ်ချို | မောင်ယဉ်နွယ်နှင့်မဝေဝေနွယ် | ၁၅၀၀ | ရန်အောင် |
| ၁၂ | မျှဝေလိုသော အတွေးများ(၂) | ဗန်းမော်သိန်းဖေ | ၃၀၀၀ | ပဥ္စဂံ |
| ၁၃ | တော်လှန်ရေးသမား | တင်ထွေး | ၃၅၀၀ | အိပ်မက်သစ် |
| ၁၄ | ဂန္ထဝင်များကို ပြန်လည်ဖတ်ရှုခြင်း | မင်းခက်ရဲ | ၃၀၀၀ | MKS publishing |
| ၁၅ | ခေါင်မိုးမလုံတဲ့အိမ်နှင့် အခြားဆောင်းပါးများ | အရှင်ပညိန္ဒ | ၁၀၀၀ | ယဉ်မျိုး |
| ၁၆ | ၁၆ နှစ် ----- ကန္တာရ ----- နှင်းဆီ | နဒီမင်း ၇ | ၂၅၀၀ | ငါတို့စာပေ |
| ၁၇ | ထမင်း၊ ဟင်း ချက်ပြုတ်ပြိုင်ပွဲကြီး | ငွေကြည်ကာတွန်းများ | ၂၂၀၀ | စိတ်ကူးချိုချို |
| ၁၈ | ရှုးတိုးတိုး စာမဲ့ကာတွန်းများ | ငွေကြည်ကာတွန်းများ | ၃၀၀၀ | ဓူဝံ |
| ၁၉ | မြန်မာသမိုင်း၌ မမေ့သင့်သော နေ့တစ်နေ့(သို့) အာဇာနည်နေ့ | သန်းဝင်းလှိုင် | ၂၅၀၀ | လဝန်းသစ် |
| ၂၀ | နိရှေး | မင်းခက်ရဲ | ၄၀၀၀ | MKS publishing |
| ၂၁ | ဒေါင်းကကွက် ကဗျာများ | ကိုရွှေကေဇာ | ၁၅၀၀ | ငါတို့ |
| ၂၂ | သံစဉ်ချိုချို ဂီတတေးဥယျာဉ် | မောင်ဟံသာ | ၂၀၀၀ | လင်းလွန်းခင် |
| ၂၃ | ဂန္ထဝင်ဒစ္စနေးပုံပြင်များ | စိုးညွန့်ဇော် | ၇၀၀၀ | Synergy |
| ၂၄ | ကမ္ဘာနံပါတ်တစ်သက်ရှိ ဒီမိုကရေစီအိုင်ကွန် ဒေါ်အောင်ဆန်းစုကြည် | ဆရာမြ | ၁၅၀၀ | မျိုးဆက်သစ် |
| ၂၅ | ဘဝ--ရသ--- ပစ္စုပ္ပန်စာမျက်နှာများ | သန်းမြင့်အောင် | ၁၈၀၀ | - |
| ၂၆ | ရက်ကန်းစင်တောင်ခြေတွင် ရှင်မွေးလွန်းနေသည် | ဈာန်လင်းထက် | ၁၅၀၀ | ချမ်းမြေ့ရတနာ |
| ၂၇ | မိုက်ခရိုဝေ့ဖ် | အောင်ခင်မြင့် | ၂၀၀၀ | နှစ်ကာလ |
| ၂၈ | ကင်ဂျူအန် | Quality အယ်ဒီတာအဖွဲ့ | ၄၀၀၀ | Quality |
| ၂၉ | ချောကလက်ဗိုလ်ကြီး | ဗန်းမော်တင်အောင် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃၀ | အနိုင်ပိုင်းသူကြီး | မွန်းဇူး | ၂၅၀၀ | လင်းလွန်းခင် |
| ၃၁ | နေဝင်းမြင့်၊ ခင်ခင်ထူးနှင့် လင်းလွန်းခင်(ဝတ္ထုတို/ရှည်) | - | ၆၀၀၀ | လင်းလွန်းခင် |
| ၃၂ | ပိတရုံပူဇေမိ (ဖခင်ကိုပူဇော်ခြင်း) | အောင်ဆင့် | ၁၅၀၀ | နေမင်းရာဇာစာပေ |

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၅၀၊ သွင်းကုန် ၅၆၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃စီး၊ သွင်းကုန် ၁၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၅၀၄ သန်းခန့်)သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၉ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Toyota Wish နှစ်စီး၊ Nissan Wingroad တစ်စီးနှင့် Toyota Mark II တစ်စီးတို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်လေးစီး(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# မူးယစ်ဆေးပြား ၁၁၃၃၂ ပြား သိမ်းဆည်းရမိ

**လှိုင်ကော် ဇူလိုင် ၁၀**
ကယားပြည်နယ် မူးယစ်တပ်ဖွဲ့စု(၂၀) လွိုင်ကော်မှ ရဲအုပ် မင်းဟန် ဦးစီးအဖွဲ့၊ ပြည်နယ်မှုခင်းအကူဌာနစိတ်မှ ရဲအုပ် ခင်ကိုကို ဦးစီးအဖွဲ့၊ လွိုင်ကော်ခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ် ဇော်မင်းဦး ဦးစီးအဖွဲ့တို့သည် သက်သေများနှင့်အတူ ဇူလိုင် ၆ ရက် ည ၁၀ နာရီတွင် လွိုင်ကော်မြို့နယ် လွိုင်လင်လေး အုပ်စု ကျောက်ကြီး(မြောက်)ရွာ တောင်ဘက်ကားလမ်း လွိုင်ကော်-ဆီဆိုင် သွားကားလမ်းပေါ်၌ ရှောင်တခင် ပိတ်ဆို့စစ်ဆေးရာ ဆီဆိုင်မြို့မှ လွိုင်ကော်မြို့သို့ ယာဉ်မောင်း ခွန်ထွန်းနိုင် မောင်းနှင်ပြီး စိုးအောင်နှင့် ခွန်မောင်သောင်း(ခ) တသောင်းတို့ လိုက်ပါစီးနင်းလာသည့် ယာဉ်အမှတ် YGN 3H/---- CALDINA ခဲရောင်ယာဉ်ကိုရှာဖွေရာ ကားဒက်ရှ်ဘုတ်ပေါ်မှ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ် ဆေးပြား ၂၂ ပြား၊ ကားနောက်ဝဲဘက် တူးဘောက်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၁၀ ပြား စုစုပေါင်း ဆေးပြား ၁၁၃၃၂ ပြား (အလေးချိန် ၁ ဒသမ ၀၁၉၈ ကီလိုဂရမ်)နှင့် ဆေးပြားရောင်းရငွေ ကျပ် ၃၅၀၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ လွိုင်ကော်မြို့မရဲစခန်းမှ အမှုဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဇွန်လအတွင်း ဖမ်းဆီးမိခဲ့သောမှုခင်းများအနက် လေးပုံတစ်ပုံမှာ မူးယစ်ဆေးဝါးမှုများဖြစ်

**မြစ်ကြီးနား ဇူလိုင် ၁၀**
ကချင်ပြည်နယ်တွင် ဇွန်လအတွင်းဖမ်းဆီးမိခဲ့သော မှုခင်းများအနက် လေးပုံတစ်ပုံခန့်မှာ မူးယစ်ဆေးဝါးမှုများဖြစ်ကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရရှိသည့် အချက်အလက်များအရ သိရသည်။

ဇွန်လအတွင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိသောမှုခင်းစုစုပေါင်း ၄၁၇ မှုရှိကာ ၎င်းတို့အနက် မူးယစ်ဆေးဝါးမှုမှာ ၁၄၄ မှုပါဝင်နေပြီး အမှုကြီးများမဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဖမ်းဆီးခဲ့သောအမှုပေါင်းမှ မူးယစ်မှုအပါအဝင် ၂၆၄ မှုရှိရာ မှုခင်းစုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်ရှိနေကြောင်း သိရသည်။

"ကြိုတင်ကာကွယ်မှုဆိုတာက ပြစ်မှုကြီးတွေ ဖြစ်ပွားလာခြင်းမရှိစေဖို့အတွက် ကြိုတင်ကာကွယ်တားဆီးတဲ့အနေနဲ့ ဖမ်းဆီးလိုက်ရတဲ့ပြစ်မှုမျိုးဖြစ်ပါတယ်။ အဲဒီတော့ ကြို/ကာမှုတွေများနေတာဟာ မှုခင်းဖြစ်ပွားနှုန်း ပိုများလာတယ်လို့ဆိုလိုတာ မဟုတ်ဘူး။ အခြားသော ပြစ်မှုကြီးတွေမဖြစ်အောင်လို့ ကြိုတင်ကာကွယ်နိုင်တာလို့ပဲ ပြောရပါမယ်" ဟု ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ကချင်ပြည်နယ်အတွင်း ဇွန် ၁ ရက်မှ ၃၀ ရက်ထိဖြစ်ပွားခဲ့သော မှုခင်းများအနက် အမှုကြီး စာရင်းဝင်ပြစ်မှုစုစုပေါင်း ၁၆ မှုပါဝင်ပြီး ၎င်းတို့မှာ လူသတ်မှု ကိုးမှု၊ လုယက်မှု တစ်မှု၊ ပြန်ပေးမှု တစ်မှု၊ မုဒိမ်းမှု နှစ်မှု၊တိရစ္ဆာန်ခိုးမှု တစ်မှုနှင့် မတရားသင်းဆက်သွယ်မှု နှစ်မှုတို့ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်ရဲတပ်ဖွဲ့၏ စာရင်းများအရ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ စာရင်းများအရ မှုခင်းပေါင်း ၂၄၁၅ မှုဖြစ်ပွားခဲ့ပြီး ထက်ဝက်ကျော်မှာ ကြိုတင်ကာကွယ်မှုများ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါလအတွင်း ကချင်ပြည်နယ်တွင် မီးလောင်မှု စုစုပေါင်း ခြောက်ကြိမ်ဖြစ်ပွားခဲ့ရာ အများစုမှာ ပေါ့ဆမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုများတွင် ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော မြို့များမှာ မြစ်ကြီးနားမြို့တွင် သုံးကြိမ်၊ ချီဖွေမြို့တွင် တစ်ကြိမ်၊ ဗန်းမော်မြို့တွင် တစ်ကြိမ်ဖြစ်ပြီး တမင်ရည်ရွယ်၍ မီးရှို့မှုများမှာ တနိုင်းမြို့တွင် တစ်ကြိမ်၊ ဖားကန့်မြို့တွင် နှစ်ကြိမ် ဖြစ်ကြောင်း သိရသည်။

"ပေါ့ဆမီးမှာ အဓိကကတော့ လျှပ်စစ်မီးကို ပေါ့ပေါ့ဆဆသုံးစွဲကြရာကနေ လောင်တာများတယ်။ နောက် မီးဖိုမီးပေါ့။ မီးသတ်ဦးစီးဌာနအနေနဲ့ ပြောချင်တာကတော့ ဒေသခံပြည်သူတွေကလည်း မီးကို စနစ်တကျသုံးစွဲဖို့လိုပါတယ်။ ပြီးတော့ မီးလောင်မှုဖြစ်ပွားပြီဆိုရင် ကျိတ်ပြီးငြိမ်းသတ်တာမျိုး မလုပ်ဘဲ မီးသတ်ဌာနကို အမြန်ဆုံးအကြောင်းကြားပေးစေလိုပါတယ်။ ဒါမှသာလျှင် မလိုအပ်ဘဲ ဆုံးရှုံးမှုတွေဖြစ်တာကို တားဆီးနိုင်မှာဖြစ်ပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြောသည်။

မီးလောင်မှုများကြောင့် ဖမ်းဆီးခဲ့သော တရားခံစုစုပေါင်း ခုနစ်ဦးရှိပြီး ဇွန်လတစ်လတည်းအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုများကြောင့် အိမ်ထောင်စု သုံးစု၊ လူ ၁၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရရှိသည့်အချက်အလက်များအရ သိရသည်။

**(မင်းမင်းဦး)**

# တရားမဝင်ပိတောက်ခွဲသားများ သယ်ဆောင်လာသော ယာဉ်သိမ်းဆည်းရမိ

**အင်းတော် ဇူလိုင် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကောလင်း-ဥက္ကံသွားကားလမ်း ကလုံကျေးရွာအနီးမှ တရားမဝင်ပိတောက်သစ်ခွဲသားများ တင်ဆောင်လာသော ယာဉ်တစ်စီးသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၈ ရက်က ကောလင်းမြို့နယ် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကောလင်း-ဥက္ကံသွားကားလမ်း ကလုံကျေးရွာအနီး သတင်းအရစောင့်ဆိုင်းနေစဉ် စောသာအေး ဆိုသူမောင်းနှင်လာသော MDY 1B/----- (၆)ဘီးယာဉ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင် ပိတောက်သစ်ခွဲသား ၃၃ ချောင်း(၃ ဒသမ ၉၉၃ တန်)ကို ရှာဖွေစစ်ဆေးတွေ့ရှိသဖြင့် တရားမဝင် ပိတောက်သစ်ခွဲသားများသယ်ဆောင်သူ စောသာအေး ဘားအံမြို့နေသူအား ကောလင်းမြို့မရဲစခန်းမှ ဥပဒေအရအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# တရားမဝင် တမလန်းဓားရှေတုံးများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ကျွန်းလှ ဇူလိုင် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးအောင်ကျော်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်သင်နှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် ညနေ ၅ နာရီက နယ်မြေကွင်းဆင်းဆောင်ရွက်စဉ် ရေယိမ်းကျေးရွာ၏ အရှေ့မြောက်ဘက် (၃)မိုင်ခန့်အကွာရေယိမ်း-မော်ကယ်သွား ကားလမ်းပေါ်တွင် ဆိုင်ကယ်ခြောက်စီးဖြင့်တင်ဆောင်လာသော အရှည်သုံးပေရှိ တရားမဝင်တမလန်းဓားရှေတုံး ၁၃ တုံး(သုည ဒသမ ၃၁၉ တန်)ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။



အဆိုပါတမလန်းဓားရှေတုံးများနှင့် ဆိုင်ကယ်များအား မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ သယ်ယူသိမ်းဆည်းပြီး ပိုင်ရှင်စုံစမ်းဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# လူနေအိမ်တွင် မူးယစ်ဆေးဝါး ရောင်း/ဝယ်သူများ ဖမ်းဆီးရမိ


**တပ်ကုန်း ဇူလိုင် ၁၀**
နေပြည်တော် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် နယ်မြေ(၂)၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသုံးစွဲနေကြောင်း သတင်းရရှိ၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သာဦးနှင့် စခန်းမှူး ဒုရဲမှူး ဇော်မျိုးဝင်းတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မူးယစ်ဆေးပြားများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန့်ဇင်ဖြိုးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇူလိုင် ၆ ရက် ညနေ ၆ နာရီ မိနစ် ၅၀ ခန့်တွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲနေကြောင်း သတင်းအရ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီး ဝရမ်းဖြင့် ဆရာစံရပ်ကွက် နယ်မြေ(၂)နေ ဦးမြင့်သိန်း နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်ရှေ့ခြံဝင်းအတွင်း ၄၇ယ/---- ဆိုင်ကယ်တစ်စီးနှင့်အတူ ဝေဖြိုးကို(၂၆)နှစ်၊ ရာဇာအောင်(ခ)ဂျွန်လေး(၂၁)နှစ်တို့အား တွေ့ရှိခဲ့၍ ၎င်းတို့နှင့်အတူပါသူ ဟိန်းစိုးမြင့်က ဦးမြင့်သိန်း၏ နေအိမ်ထဲတွင်ရှိကြောင်း သိရပြီး နေအိမ်ထဲသို့ ဝင်ရောက်ရှာဖွေခဲ့ရာ ဒေါ်သိန်းနု (၅၉)နှစ်၊ မြင့်မြင့်ဝင်း(၃၁)နှစ်၊ ဝင်းသီရိစိုး(၁၈)နှစ်၊ အောင်မျိုးခိုင်(၁၉)နှစ်တို့ လေးဦးအားတွေ့ရှိခဲ့ပြီး အိမ်နောက်ဘက်၌ အိမ်ရှင်ဖြစ်သူ ဦးမြင့်သိန်း(၆၀)နှစ်၊ ဟိန်းစိုးမြင့်(၂၈)နှစ်တို့ကို ဖမ်းဆီးမိ၍ ကူးမား(စိစစ်ဆဲ)မှာ လွတ်မြောက်သွားခဲ့ပြီး အိမ်ရှင်ဦးမြင့်သိန်း ဝတ်ဆင်ထားသော ရှပ်အင်္ကျီလက်ရှည် အိတ်ကပ်အတွင်း၌ စိတ်ကြွမူးယစ်ဆေးပြားဟု ယူဆရသော 88 နဲ့ 1 စာတန်းပါ ပန်းရောင်ဆေးပြား ၁၅၅ ပြားနှင့် 88 နဲ့ 1 ပါ အစိမ်းရောင်ဆေးပြား နှစ်ပြား စုစုပေါင်း ၁၅၇ ပြားနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ သည်။

အဆိုပါဆေးပြားများနှင့် ဖမ်းဆီးရမိခဲ့သော ဦးမြင့်သိန်းပါ ရှစ်ဦးနှင့် ထွက်ပြေးတိမ်းရှောင်သွားသူ ကူးမား(စိစစ်ဆဲ)တို့အား တပ်ကုန်းမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားကြောင်း သိရသည်။

**(ရွှေလယ်သာ)**

❑



# ရေဆန်လေထန်ကြားထဲက အမြင့်မျှော်ကို အောင်ပြီးသွင်း

# ရုက်တစ်ကောင်ရဲ့ အိမ်အပြန်ခရီး

မေလှဲ့သင်း
ရေးသားသည်



မျက်နှာမှာ ပျော်ရွှင်ခြင်းတွေ ကင်းမဲ့နေတဲ့ သူ့ကို လီဗာပူးမြို့ အားကစားစင်တာ တစ်ခုကနေ ထွက်လာတာကို တွေ့လိုက်ရပါတယ်။ သတင်းထောက်တွေကတော့ ထုံးစံအတိုင်း သူ့ရဲ့ မျက်နှာပေါ်မှာရှိတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် အလုအယက် ရိုက်ကူးနေကြပြီး ဒါကိုပဲ သတင်းလုပ်တော့မယ်ဆိုတာလည်း သူသိတဲ့ ပုံပေါ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီအတွင်း ခြေစွမ်းပိုင်းကျဆင်းခဲ့ပြီး ဘာလုပ်လုပ် ဝေဖန်ခံခဲ့ရတဲ့ အခြေအနေတစ်ရပ်ကို ဖြေရှင်းဖို့ လမ်းဆုံမှာ ရပ်နေခြင်းထက် တစ်ဖက်ကို ရှင်းရှင်းလင်းလင်း လျှောက်လှမ်းရတော့မယ်ဆိုတာကိုလည်း သူကောင်းကောင်းသဘောပေါက်ပါတယ်။ ဒါကြောင့်လည်း နေရာတစ်နေရာ သေချာခြင်းမရှိတဲ့ ၁၃နှစ်ကြာ ကျင်လည်ခဲ့တဲ့ အိုးထရက်ဖို့ဒ်ကနေ ကျောခိုင်းဖို့ ယတိပြတ်ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ ခုတော့ ဇာတိမြေ လီဗာပူးမြို့ အခြေစိုက် အဲဗာတန်မှာ အောင်အောင်မြင်မြင် ခိုနားနိုင်ဖို့ သူပြင်ဆင် နေပါတော့တယ်။ သူဆိုတာကတော့ အခြားသူမဟုတ်ပါဘူး။ အင်္ဂလန်နဲ့ မန်ယူ အသင်းတို့ရဲ့ ထိပ်တန်းဂိုးသွင်းရှင် ဝိန်းရွှန်းနီပါ။

ရွှန်းနီဟာ ဇူလိုင် ၉ ရက် နံနက်ပိုင်းမှာ အဲဗာတန်အသင်း လေ့ကျင့်ရေး ကွင်းကို ဆေးစစ်မှုခံယူဖို့ ရောက်ရှိလာခဲ့ပြီးနောက် လက်မှတ်ရေးထိုးပြီး အပြီးသတ်ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ပါတယ်။ အဲဗာတန်ပရိသတ်တွေကတော့ ရွှန်းနီရဲ့အမှတ်တရလက်မှတ်ရရှိဖို့ အလုအယက်တိုးဝှေ့နေခဲ့ကြပြီး နွေးထွေးတဲ့ ကြိုဆိုမှုမျိုးပြုခဲ့တယ်လို့ သိရပါတယ်။ ဆေးစစ်မှုအတွက် ရောက်ရှိ မလာခင် ကတည်းက ရွှန်းနီက မန်ယူအသင်းဖော်တွေကို သူဟာ အဲဗာတန်အသင်းနဲ့ စာချုပ်လက်မှတ်ရေးထိုးတော့မယ်လို့ အသိပေးခဲ့ပြီးသားပါ။ သူဟာ လီဗာပူး မြို့မှာ မွေးဖွားပြီး အဲဗာတန်အသင်းရဲ့ အမာခံပရိသတ်ဖြစ်တဲ့အပြင် သူ့ရဲ့ ကစားသမားဘဝအောင်မြင်မှု စတင်သန္ဓေတည်ရာက အဲဗာတန်လို့ ပြောလို့ရပါတယ်။ မန်ယူအသင်း ရာသီကြိုခြေစမ်းပွဲမတိုင်မီ အသင်းလူစာရင်းကနေ ရွှန်းနီထွက်ခွာသွားမှုနဲ့အတူ အဲဗာတန်နဲ့ ရွှန်းနီရဲ့ အပြောင်းအရွှေ့ဟာ ဇူလိုင် ၄ ရက်မှာကတည်းက ပြီးပြတ်သွားပြီလို့ သတင်းထွက်ခဲ့ပေမယ့် ဇူလိုင် ၉ ရက်မှသာ တရားဝင်ကြေညာချက်ထွက်ခဲ့တာပါ။ ဒီအပြောင်းအရွှေ့ကို အဓိက စီမံခဲ့သူကတော့ မန်ယူနည်းပြ မော်ရင်ဟိုဖြစ်ပြီး အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာခွင့်ပေးခဲ့တာဖြစ်ပါတယ်။

"ကျွန်တော်ဒီနေရာမှာပဲ ဆက်နေချင်ပါသေးတယ်" လို့ ပြောခဲ့တဲ့ ရွှန်းနီဟာ ခုတော့ အိုးထရက်ဖို့ဒ်ရဲ့ အဝေးတစ်နေရာဖြစ်တဲ့ ငယ်ဘဝကလပ် အဲဗာတန် အသင်းကို ရောက်ရှိသွားခဲ့ပြီဖြစ်ပါတယ်။ ယူရိုပါလိဂ်ဗိုလ်လုပွဲအပြီးမှာ မော်ရင်ဟိုက ရွှန်းနီကို မန်ယူအသင်းမှာ ဆက်လက်ကစားပေးဖို့ မျှော်လင့်ကြောင်းဆိုခဲ့ပေမယ့် တကယ်တမ်းမှာတော့ ဒီစကားဟာ ကြားကောင်းရုံ သက်သက်ပြောတဲ့ စကားလို့သာ မှတ်ယူဖွယ်ရှိပါတယ်။ အင်္ဂလန်မီဒီယာတွေကတော့ ရွှန်းနီဟာ နောက်ဖေးပေါက်ကနေ ထွက်သွားရတဲ့ အခြေအနေထက် အိမ်ရှေ့ပေါက်က ခေါင်းမော့ရင်ကော့ပြီး ထွက်ခဲ့တာလို့ ရေးသားနေကြပါတယ်။ မှန်ပါတယ်။ ရွှန်းနီဟာ မန်ယူမှာ တစ်ရာသီနေရာပျောက်ရုံနဲ့ တွယ်ဖက်ကုတ်ကပ်မနေဘဲ အသင်းပြောင်းဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ရွှန်းနီဟာ တရုတ်စူပါလိဂ်ကလပ်အသင်းတွေရဲ့ တစ်ပတ်ပေါင်တစ်သန်းနဲ့ ကမ်းလှမ်းမှုကို လျစ်လျူရှုပြီး တစ်ပတ်လုပ်ခပေါင် ၁၆၀၀၀၀သာ ပေးချေမယ့် အဲဗာတန်အသင်းကို ရွေးချယ်ခဲ့တာပါ။ တိတိကျကျဆိုရရင် အဲဗာတန်မှာ သူခံစားခွင့်ရမယ့် လစာနှုန်းထားဟာ မန်ယူအသင်းမှာ ရရှိခဲ့တဲ့လစာရဲ့ ထက်ဝက်နီးပါး လျော့နည်းခဲ့တာကြောင့် ငွေကြေးအတွက်သာဆို စူပါလိဂ်ကိုပဲ ရွေးချယ်မယ်ဆိုတာ အထူးတလည်တောင် ရှင်းပြစရာ မလိုပါဘူး။ ဒါပေမယ့် အဲဗာတန်အသင်းကို ရွေးချယ်ခဲ့တာကြောင့် ဒါဟာ အင်္ဂလန်လက်ရွေးစင် အသင်းဘဝ ပြန်လည်ရဖို့ ရွှန်းနီရဲ့ နောက်ဆုံးအားထုတ်မှုလို့တောင် အင်္ဂလန် မီဒီယာတွေက အမည်တပ်နေကြပါတယ်။

မော်ရင်ဟိုနဲ့ ရွှန်းနီကြားမှာ မုန်းတီးမှု တစ်စုံတစ်ရာ မဖြစ်ထွန်းခဲ့ဘဲ နားလည်မှုရှိရှိ၊ လေးလေးစားစားအနေအထားနဲ့ပဲ ခုလို သဘောတူညီချက် ယူခဲ့တာဖြစ်ပါတယ်။ မော်ရင်ဟိုဘက်ကလည်း ရွှန်းနီကို နေရာပေးဖို့ အာမခံနိုင်ခြင်းမရှိသလို ရွှန်းနီဘက်ကလည်း ၂၀၁၈ ကမ္ဘာ့ဖလား ယှဉ်ပြိုင်ဖို့ နီးကပ်လာချိန်မှာ ပုံမှန်ပွဲထွက်ခွင့်ရဖို့ အသည်းအသန်လိုအပ်နေတာဖြစ်ပါတယ်။ ဒီလိုအနေအထားမျိုးမှာ ရွှန်းနီဘက်ကလည်း လမ်းကြောင်းတစ်ခုကို လျှောက်လှမ်းဖို့ မဖြစ်မနေရွေးလိုက်ရတဲ့ အနေအထားပါ။

ရွှန်းနီဟာ လွန်ခဲ့တဲ့ ၁၃ နှစ်တာကာလက ကစားသမားဘဝကို အမြင့်ဆုံး အောင်မြင်မှုတည်ဆောက်ဖို့အတွက် အဲဗာတန်ကို ကျောခိုင်းခဲ့ပေမယ့် သူဟာ အဲဗာတန်ရဲ့ အမာခံပရိသတ်အဖြစ် ဆက်ရှိနေဆဲ။ ဒီတော့ တရုတ်စူပါလိဂ်၊ မေဂျာလိဂ်ကလပ်အသင်းတွေရဲ့ မြင့်မားတဲ့ လစာနှုန်းထားနဲ့ ကမ်းလှမ်းမှုကို ငြင်းပယ်ပြီး အဲဗာတန်နဲ့သာ ပူးပေါင်းဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ ဒ့်အပြင် အဲဗာတန်အသင်းဟာ ပရီမီယာလိဂ်မှာ ထိပ်တန်းမဟုတ်တာတောင် အလယ်အလတ်အဆင့်ရှိတဲ့ အသင်းဖြစ်တာကြောင့် အဲဗာတန်မှာ ခြေပေါ်အောင် ကစားနိုင်ရင် လက်ရွေးစင်အသင်း တစ်ကျော့ပြန်အိပ်မက်ကို အားကောင်းစေမှာတော့ အမှန်ပဲဖြစ်ပါတယ်။

ခုနောက်ဆုံးသိရသလောက်တော့ ရွှန်းနီနဲ့ အဲဗာတန်နည်းပြ ကိုးမန်းတို့ အပြင်မှာ တွေ့ဆုံဆွေးနွေးပြီးနောက် အပြောင်းအရွှေ့ဟာ လျင်လျင်မြန်မြန်နဲ့ ဖြစ်မြောက်လာခဲ့တာ ဖြစ်ပါတယ်။ အဲဗာတန်နဲ့ ရွှန်းနီတို့ ပူးပေါင်းမှုကို ဒီရက်ပိုင်းအတွင်းမှာပဲ ကြေညာဖို့ရှိတယ်လို့ မှန်းဆရပါတယ်။ ကိုးမန်းကတော့ ရွှန်းနီရဲ့ ပြင်ပလူနေမှုဘဝပုံစံကို ပြင်ဆင်ဖို့ ကြိုတင်သတိပေးထားတယ်လို့လည်း သိရပါတယ်။ ကိုးမန်းဟာစည်းကမ်းပိုင်းနဲ့ပတ်သက်ရင် တင်းကျပ်သူတစ်ဦး ဖြစ်ပြီး အေဂျက်စ်အသင်းကို ကိုင်တွယ်စဉ်က အီဗရာဟီမိုဗစ်နဲ့ မီဒိုတို့ရဲ့ လူနေမှုပုံစံကို ပြုပြင်ပေးခဲ့တာ၊ ဆောက်သမ်တန်မှာ ရှိနေတုန်းက လေ့ကျင့်ရေးကွင်းလာချိန် နောက်ကျတဲ့ တိုက်စစ်မှူး မာနေးကို ကွင်းထဲပတ်ပြေးခိုင်းတာ စသဖြင့် လုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်မှာ လူငယ်ကစားသမားအများအပြားခေါ်ယူထားတဲ့ အဲဗာတန်အသင်းရဲ့ လမ်းကြောင်းမှန် ရွှန်းနီကို ဦးဆောင်သူတစ်ဦးရဲ့ အခန်းကဏ္ဍမှာရှိစေချင်တာကြောင့် အခုလို သတိပေးလိုက်တာဖြစ်ပါတယ်။

ရွှန်းနီဟာ ညဉ့်နက်သန်းခေါင်အထိ တစ်ညလုံးသောက်စားနေတတ်တာ၊ လောင်းကစားခုံမင်လွန်းတာ စတဲ့ အပြုအမူဆိုးရှိသူဖြစ်ပါတယ်။ ဒါကြောင့်လည်း ကိုမန်းက ရွှန်းနီရဲ့ ပြင်ပလူနေမှုပုံစံကိုပါ ပြုပြင်ဖို့ သတိပေးစကားဆိုခဲ့တာဖြစ်ပါတယ်။ ရွှန်းနီဘက်ကတော့ အဲဗာတန်အသင်းနဲ့အတူ သူ့ရဲ့ ကစားသမားဘဝ မကုန်ဆုံးသေးဘူးဆိုတာကို သက်သေပြလိုစိတ်ပြင်းထန်ပြီး ဒါဟာ ၂၀၁၈ ခုနှစ် ရုရှားမြေမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်နဲ့ ဝင်ရောက်ခွဲနိုင်ဖို့ အခွင့်အရေးအဖြစ် နောက်ဆုံးကြိုးပမ်းမှုအဖြစ်လည်း အများစုက ရှုမြင်နေကြပါတယ်။ မန်ယူအသင်းက တိုက်စစ်မှူး လူကာကူကို ပေါင် ၇၅ သန်းနဲ့ ခေါ်ယူနိုင်ခဲ့ပြီးနောက်မှာ ရွှန်းနီအနေနဲ့ မန်ယူမှာ နေရာရဖို့ဆိုတာ ဝေးသထက်ဝေးသွားတာကြောင့် ဇူလိုင်လဆန်းပိုင်းမှာပဲ လီဗာပူးမြို့ကို ရောက်နေခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်နည်းပြ ဆောက်ဂိတ်ကတော့ ရွှန်းနီရဲ့ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအရ လက်ရွေးစင်အသင်းကစားသမားဘဝကို ပြန်လည်တည်ဆောက်နိုင်မယ်လို့ ဟောကိန်းထုတ်ထားပြီးသားပါ။ ရွှန်းနီဟာ ဆောက်ဂိတ် ယာယီနည်းပြ ဘဝတုန်းကပဲ လက်ရွေးစင်အသင်းအတွက် တစ်ကြိမ် ရွေးချယ်ခံခဲ့ရပြီး နောက်ပိုင်းမှာ ဆက်တိုက်ဆိုသလို ချန်လှပ်ခံခဲ့ရတာဖြစ်ပါတယ်။ ရွှန်းနီနဲ့ အသက်မတိမ်းမယိမ်းရှိတဲ့ တိုက်စစ်မှူး ပိုဒေါစကီးက ရွှန်းနီ ဘာကိုမျှော်လင့်ပြီး လက်ရွေးစင်အသင်းကစားသမားဘဝကနေ အနားမယူသေးတာလဲလို့ သူ့ရဲ့ ဂျာမနီလက်ရွေးစင်ကစားသမားဘဝ နှုတ်ဆက်ပွဲမှာ ပြောကြားခဲ့ပါသေးတယ်။

ရွှန်းနီဟာ လက်ရှိမှာ အသက်(၃၁)နှစ်ကျော်လွန်နေပြီဖြစ်ပေမယ့် လွန်ခဲ့တဲ့ နှစ်ရာသီလောက်ကတည်းက ခြေစွမ်းပိုင်းကျဆင်းနေခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ မန်ယူအသင်းရဲ့ အသင်းခေါင်းဆောင်၊ အဝတ်လဲခန်းအတွင်း အရှိန်အဝါ အကြီးဆုံးကစားသမားဖြစ်တာကြောင့် ဖာဂူဆန် ခေတ်လွန်ချိန်မှာလည်း ဘယ်နည်းပြကမှ မတို့ရဲမထိရဲ ကစားသမားအဖြစ် ရှိနေခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် မော်ရင်ဟို မန်ယူနည်းပြ ဖြစ်လာပြီးနောက် အခြေအနေတွေက တစ်မုဟုတ်ချင်းပြောင်းလဲသွားပြီး အမည်ခံ အသင်းခေါင်းဆောင်တစ်ဦးအဖြစ် ဘဝကိုရောက်ရှိသွားတာဖြစ်ပါတယ်။ မော်ရင်ဟိုဘက်က ကြည့်မယ်ဆိုလည်း အသင်းခေါင်းဆောင်တစ်ဦးကို လက်လွှတ်စပယ် နေရာဖယ်ခိုင်းခဲ့တာ မဟုတ်ဘဲ မန်ယူအသင်း ရလဒ်ဆိုးတွေ ထွက်လာပြီး နောက်မှသာ ပွဲထွက်စာရင်းကို အပြောင်းအလဲလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြောစရာရှိတာက ရွှန်းနီဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီ စတုတ်နဲ့ တစ်ဂိုးစီ သရေကျတဲ့ ပွဲစဉ်မှာ ဘော်ဘီချာတန်ရဲ့ သွင်းဂိုးစံချိန်ကို ချိုးဖျက်နိုင်ခဲ့ပေမယ့် ဝင်ရောက်ကစားတဲ့ ပွဲစဉ်တွေမှာ သမ္မာနဲ့သာ ထိန်းကစားခဲ့ပြီး ခြေစွမ်းပေါ်လွင်အောင်ကစားနိုင်ခြင်းမရှိတာတော့ အမှန်ပဲဖြစ်ပါတယ်။

ယူရိုပါလိဂ်ဗိုလ်လုပွဲလို အရေးကြီးပွဲမှာ အနိုင်ရတယ်ဆိုတာ သေချာတဲ့ အခြေအနေမှ မော်ရင်ဟိုက သူ့ကို ထည့်ကစားခဲ့တာ၊ ဝင်ရောက်ကစားခွင့် ရချိန်တွေမှာလည်း အသင်းကိုထိန်းကျောင်းတဲ့ပုံစံနဲ့ပဲ ကစားသွားစေခဲ့တာ စတာတွေက ရွှန်းနီလို ကစားသမားအတွက် အိပ်မက်ဆိုးတွေ ဖြစ်နေမှာတော့ အမှန်ပါပဲ။ ဒါကပဲ လူစွဲမထားဘဲ အရည်အသွေးပိုင်းနဲ့ အသုံးဝင်မှုကို ကြည့်ပြီး ဆောင်ရွက်ကြရတဲ့ ပရော်ဖက်ရှင်နယ်ဆိုတဲ့အဓိပ္ပာယ်ကို ပိုမိုပီပြင်စေတာကြောင့် မော်ရင်ဟိုကို အပြစ်တင်လို့မရတာတော့ အမှန်ပဲဖြစ်ပါတယ်။

ရွှန်းနီဘက်က သဘောထားကတော့ ရှင်းရှင်းလေးပါပဲ သူဟာ မန်ယူ အသင်းမှာ ဆက်နေလိုတယ်။ ဒါပေမယ့် အရန်ခုံပေါ်မှာတော့ အချိန်ကုန်လို့ မဖြစ်ဘူး။ ဒါကြောင့်လည်း မသက်သာတဲ့ အခြေအနေရောက်မှသာ အဲဗာတန်ကို ရွေးချယ်လိုက်တာဖြစ်ပါတယ်။ သူဟာ လီဗာပူးမြို့ ခရော့စတပ်ဇ် အရပ်မှာ မွေးဖွားပြီး ငယ်စဉ်ကတည်းက အဲဗာတန်ပရိသတ်အဖြစ် ကြီးပြင်းလာခဲ့သူ၊ အဲဗာတန်ရဲ့ခါးသီးတဲ့ မြို့ခံပြိုင်ဘက် လီဗာပူးအသင်းကို မနှစ်သက်သူ တစ်ဦးအဖြစ် လူသိများပါတယ်။ သူဟာ အဲဗာတန်အပြင် ဆဲလ်တစ်အသင်း ကိုလည်း အားပေးသူပါ။

မန်ယူပရိသတ်တွေအတွက်တော့ အသင်းခေါင်းဆောင် လက်ပတ်ကို ဝတ်ဆင်ပြီး ပြေးပြေးလွှားလွှားနဲ့ နေရာစုံကဂိုးသွင်းပေးနေတဲ့ အသင်းခေါင်းဆောင် တစ်ဦးကို ဆုံးရှုံးခဲ့တယ်ဆိုနိုင်ပေမယ့် အဲဗာတန် ပရိသတ်တွေအနေနဲ့တော့ ခရီးဝေးကို နှစ်ပေါင်းအတော်ကြာ ထွက်ခွာသွားတဲ့ ထိပ်တန်းကစားသမားတစ်ဦး ပြန်လည်ရောက်ရှိလာခြင်းလို့ ကျေကျေနပ်နပ်ကြီးကို တွေးလို့ရပါပြီ။ သေချာတာကတော့ မန်ယူနဲ့ ရွှန်းနီတို့ ပူးပေါင်းမှု တစ်ခန်းရပ်သွားပြီဖြစ်ပေမယ့် အဲဗာတန်နဲ့ ရွှန်းနီတို့ရဲ့ ရေစက်တစ်ဖန်ပြန်စတင်ခဲ့ပြီလို့ ပြောရပါမယ်။ ဆိုတာက မန်ယူနဲ့ အဆုံးသတ်ခြင်းက အဲဗာတန်နဲ့ အိမ်ပြန်ခရီးကို ပြန်လည်မွေးဖွားနိုင်ခဲ့ခြင်းပါပဲ။

### ဝိန်းရွှန်းနီ၏ ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| အမည် | - | ဝိန်းမာ့ခ်ရွှန်းနီ |
| မွေးသက္ကရာဇ် | - | ၁၉၈၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်(၃၁ နှစ်) |
| မွေးဖွားရာဇာတိ | - | ခရော့စတပ်ဇ်အရပ်၊ လီဗာပူးမြို့၊ အင်္ဂလန် |
| ကစားသည့်နေရာ | - | တိုက်စစ်၊ ကွင်းလယ်။ |
| ကစားခဲ့သည့် ကလပ်အသင်းများ | - | အဲဗာတန်( ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ) မန်ယူ( ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်) |
| အောင်မြင်မှုများ | - | ပရီမီယာလိဂ်ဖလား( ၅)ကြိမ်၊ ချန်ပီယံလိဂ်ဖလား(၁) ကြိမ်၊ ဖီဖာကမ္ဘာ့ကလပ်ဖလား(၁)ကြိမ်၊ ကွန်မြူနတီဒိုင်း(၄)ကြိမ်၊ လိဂ်ဖလား (၃)ကြိမ်၊ အက်ဖ်အေဖလား(၁)ကြိမ်၊ ယူရိုပါလိဂ်ဖလား(၁)ကြိမ်။ |



# ဇီးကုန်းမြို့တွင်ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်တုရောက်ရှိ

**ဇီးကုန်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့တွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုသည် ဇူလိုင် ၁၀ ရက် နံနက် ၇နာရီက ကြိုဆိုရေးယာဉ်များ၊ ဖျော်ဖြေရေးယာဉ်များဖြင့် ရောက်ရှိလာရာ ဇီးကုန်းမြို့အဝင် ရန်ကုန်ပြည်ကားလမ်းတစ်လျှောက်၌ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ NGO အဖွဲ့အစည်းများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဗိုလ်ချုပ်ကြေးရုပ်ထားရှိမည့် မြို့နယ်ပန်းခြံအတွင်း အကျယ်အဝန်းသည် အလျား ပေ ၄၀၊ အနံ ၂၅ ပေရှိပြီး မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ၏ စုပေါင်းထည့်ဝင်ငွေကျပ် သိန်း ၁၂၀ ခန့်ကုန်ကျခံဆောင်ရွက်ခဲ့သည်။ ရုပ်တုအမြင့်မှာ ကိုးပေ ခြောက်လက်မရှိပြီး ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)တွင် ဖွင့်ပွဲအခမ်းအနား ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၇၁)**

# မောင်တောမြို့နယ် တရိန်းကျေးရွာနေ ပြည်သူများသို့ ဆိုလာပြား ၈၇ စုံ ပေးအပ်

**မောင်တော ဇူလိုင် ၁၀**

ရခိုင်ပြည်နယ်အစိုးရ၏ စီစဉ်မှုဖြင့် မောင်တောမြို့နယ် မြောက်ပိုင်းရှိ တရိန်းကျေးရွာနေပြည်သူများအတွက် မောင်တောမြို့နယ် စီမံခန့်ခွဲမှုကော်မတီက ဆိုလာပြားများပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မြေစာရင်း၊ မြို့နယ်စီမံကိန်းဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

"ဒီဒေသရဲ့ နယ်မြေလုံခြုံရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ ဒေသနေပြည်သူတွေရဲ့နယ်မြေလုံခြုံမှု တပ်မတော်နဲ့နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်တွေက အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသလို ညပိုင်းလုံခြုံမှုဖြစ်စေဖို့ ပြည်နယ်အစိုးရရဲ့ အစီအစဉ်နဲ့ ဆိုလာပြားတွေ လာရောက်ပေးအပ်ခြင်း ဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ကျေးရွာတွင် ဒေသခံတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး အိမ်ခြေ ၈၄ လုံးရှိကြောင်း၊ ထပ်မံ၍လည်း အိမ်ခြေ ၅၀ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုထောက်ပံ့မှုတွင် တစ်အိမ်ထောင်လျှင်ဆိုလာပြား၊ ဆိုလာဘက်ထရီ၊ မီးလုံး၊ မီးချောင်းအပါအဝင် တစ်စုံစီထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ၈၇ စုံ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**သတင်း မြင့်မောင်စိုး၊အောင်ကျော်ဦး၊ ဓာတ်ပုံ-သတ္တ**

# ထီးခီးနယ်စပ်ဂိတ်မှ မြန်မာအလုပ်သမားများ ဆက်လက်ဝင်ရောက်



**မေတ္တာ ဇူလိုင် ၁၀**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများ ထီးခီးနယ်စပ်ဂိတ်မှ ဇွန် ၃၀ ရက်မှစပြီး စတင်ဝင်ရောက်လာခဲ့ရာ ယနေ့အထိ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားဦးရေ အမျိုးသား ၁၅၂၇ ဦး၊ အမျိုးသမီး ၁၃၃၂ ဦး စုစုပေါင်း ၂၈၅၉ ဦးရှိပြီဟု ထားဝယ်မြို့နယ် ဒု-မြို့နယ်မှူး ဒု-ရဲမှူးသိန်းနိုင်ထံမှ သိရသည်။

အဆိုပါအလုပ်သမားများသည် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များတွင် နေထိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

**ကျေးဇူးဆပ်ပါမည်**

ပဲခူးတိုင်းဒေသကြီး မုတ္တလကျေးရွာနေ မောင်ကျော်ဆန်းလင်း [၇/ပခန(နိုင်)၄၁၇၆၇၂]၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၂၄၆၀၁၆၀၀

**ကျေးဇူးဆပ်ပါမည်**

အောင်လံမြို့ ကန်နှစ်ဆင့်ရွာနေ မောင်နေလင်း [၈/အလန(နိုင်)၁၇၇၀၈၆]၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၂၄၆၀၁၆၀၀

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း၊ ထက်ခွဲ၊ Grade-10(A)မှ မလှလှဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက-ကွင်းကောက်တွင် သတ္တမတန်း၌ ပညာသင်ကြားနေသော မောင်ဇင်ဖြိုးသူ၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဝင်း[၁၄/အဂပ(နိုင်)၁၄၂၄၅၄]ဖြစ်ပါသည်။

**ဦးသန်းဇော်ဝင်း**

**အမည်ပြောင်း**

ဦးဝင်းကျော်သူ[၇/ပတန(နိုင်)၀၉၄၈၆၃]၏သား ပြည်မြို့ ရွှေတံခါး၊ အထက ကျောင်းခွဲ ပထမတန်း(က)မှ မောင်လမင်းသူအား မောင်မြတ်ဘုန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်ဘုန်းထက်**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၄)လမ်း၊ မြေကွက်အမှတ်(၁၂၅)ဟုခေါ်တွင်သော အလျားပေ(၄၀)×အနံပေ(၆၀) ဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အုတ်ညှပ်(၁)ထပ်၊ ပျဉ်ထောင်အိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ၁။ဦးခင်မောင်ချို[၁၁/စတန(နိုင်)၀၀၇၀၆၉]၊ ၂။ဒေါ်သန်းသန်းဝင်း[၁၂/ဥကတ(နိုင်)၀၀၂၁၅၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သီတာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၁၄၃၈)**
**ဖုန်း-၀၉-၄၅၀၀၆၂၇၃၄**
**အမှတ်(၈၂)၊ ကြေးတိုင်လမ်း၊ (၄၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

**အမည်မှန်**

မလှိုင်မြို့၊ အထက၊ ဒသမတန်း(င)တွင် ပညာသင်ကြားနေသော ဦးစောထွန်းဌေး-ဒေါ်ခိုင်ခိုင်မြင့်တို့၏သား မောင်ဟိန်းထက်၏ အမည်မှန်မှာ မောင်ခိုင်လင်းဖြစ်ပါကြောင်း။

**မောင်ခိုင်လင်း**

**ဝန်ထမ်းအလိုရှိသည်**

Air Ticket အရောင်းကျွမ်းကျင် (ကျား)အလိုရှိသည်
Ph-01-532200,
09-73216955

**ရန်ကုန်မြို့၊ဒေါပုံမြို့နယ်၊နွယ်အေးရပ်ကွက်၊မြတ်လေးနွယ်လမ်း၊အမှတ်(၁၇၆)၊တတိယထပ်၊(၄)လွှာ၊(4B)၊ (ခြေရင်းခြမ်း) တိုက်ခန်းနှင့်ပတ်သက်၍အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇန(၁)လမ်း၊ အမှတ်(၁၀/၁၁)နေ ဒေါ်တင်အေး[၇/သနပ(နိုင်)၀၅၁၅၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြတ်လေးနွယ်လမ်း၊ အမှတ်(၁၇၆)၊ အကျယ်အဝန်း(၂၅ပေ×၅၀ပေ)ရှိ မြေကွက်ပေါ်တွင်(RC) (၂)ခန်းတွဲ (၅)ထပ်တိုက် ဆောက်လုပ်ဆဲ အဆောက်အအုံ၏ တတိယထပ်(၄)လွှာ၊ (4B)၊ (ခြေရင်းခြမ်း) တိုက်ခန်းကို ကန်ထရိုက်တာ ဦးဇော်ဝင်း[၁၂/သကတ(နိုင်)၁၃၄၈၂၅]ထံမှ ဒေါ်တင်အေးက ၂၃-၁၁-၂၀၁၆ရက်တွင် နှစ်ဦးသဘောတူ ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းအပျောက် အရောင်းအဝယ်စရန်ပေးကတိစာချုပ်ချုပ်ဆို၍ စာချုပ်ပါသတ်မှတ်ရက်အတိုင်း အရစ်ကျငွေများပေးချေကာ ဝယ်ယူထားပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ (၂၅)လမ်း၊ အမှတ်(၇၉၃)တွင်ရှိသည့် အိမ်နှင့်မြေကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သဲဖြူဖြူအောင်[၁၂/ဥကတ(နိုင်)၀၀၂၃၀၆]၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့်ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သဲဖြူဖြူအောင်**
**[၁၂/ဥကတ(နိုင်)၀၀၂၃၀၆]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းညွှန့်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၂၇)**
**ဦးနိုင်ထွဋ်လင်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၃၅၅၄၅)**
**စာချုပ်စာတမ်း၊ ဥပဒေအကြံပေး(၀၉-၅၅၀၆၁၅၇)**
**အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



# အာဆီယံ နှစ်(၅၀)ခရီး

ယခင်အပတ်မှ အဆက်

## (ဃ) အာဆီယံအစည်းအဝေးများ

**ထိပ်သီးအစည်းအဝေး** (ASEAN Summit)

အာဆီယံထိပ်သီးအစည်းအဝေးဟာ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံက နိုင်ငံအကြီးအကဲများနဲ့ အစိုးရအဖွဲ့အကြီးအကဲများ ပါဝင်တက်ရောက်ကြတဲ့ အာဆီယံရဲ့ အဆင့်အမြင့်ဆုံး အစည်းအဝေးကြီးဖြစ်ပါတယ်။ အာဆီယံရဲ့ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ရမယ့် ကိစ္စတွေနဲ့ ပတ်သက်ပြီး အာဆီယံအမြဲတမ်း ကော်မတီအစည်းအဝေး၊ အာဆီယံအဆင့်မြင့် အရာရှိကြီးများအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲတွေမှာ ဆွေးနွေးခဲ့တဲ့ လုပ်ငန်းစဉ်တွေ၊ အာဆီယံဆိုင်ရာ သဘောတူညီချက်တွေ၊ ကြေညာချက်၊ နားလည်မှုစာချွန်လွှာတွေနဲ့ ပတ်သက်ပြီး အာဆီယံနိုင်ငံတွေက နိုင်ငံ့ခေါင်းဆောင်များနဲ့ အစိုးရအဖွဲ့ခေါင်းဆောင်များအကြား ဆွေးနွေးအတည်ပြုလက်မှတ်ရေးထိုးတဲ့ အစည်းအဝေးကြီးဖြစ်ပါတယ်။

အာဆီယံရဲ့ ပထမဆုံးထိပ်သီးအစည်းအဝေးကို ၁၉၇၆ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ မူလက အာဆီယံခေါင်းဆောင်တွေ ၅-နှစ်တစ်ကြိမ်တွေ့ဆုံကြဖို့ ဆုံးဖြတ်ခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ သုံးနှစ်တစ်ကြိမ်ကို လျှော့ချခဲ့ပြီး ၂၀၀၁ ခုနှစ်မှာတော့ အရှေ့တောင်အာရှဒေသကို ရိုက်ခတ်လာနိုင်တဲ့ အရေးကိစ္စတွေကို အချိန်နဲ့တစ်ပြေးညီ ဆွေးနွေးဖြေရှင်းနိုင်ရေးအတွက် တစ်နှစ်တစ်ကြိမ် တွေ့ဆုံကြဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

၂၀၀၈ ခုနှစ်မှာ စတင်အသက်ဝင်လာတဲ့ အာဆီယံပဋိညာဉ်စာတမ်းအရ ယခုအခါ ထိပ်သီးအစည်းအဝေးတွေကို တစ်နှစ်မှာ နှစ်ကြိမ်ကျင်းပလျက်ရှိပါတယ်။

အာဆီယံအကြီးအကဲတွေအနေနဲ့ အာဆီယံပြင်ပနိုင်ငံတွေက ခေါင်းဆောင်တွေနဲ့လည်း ထိပ်သီးအစည်းအဝေးတွေ ကျင်းပပြုလုပ်လျက်ရှိရာမှာ ဆွေးနွေးဖက် ၃-နိုင်ငံဖြစ်တဲ့ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား တစ်နိုင်ငံချင်းစီနဲ့ အာဆီယံ+၁ ထိပ်သီးအစည်းအဝေးတွေရှိသလို အဲဒီ ၃-နိုင်ငံကခေါင်းဆောင်တွေနဲ့အတူ အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွေလည်း ပြုလုပ်လျက်ရှိပါတယ်။ ဒါ့အပြင် အာဆီယံ ၁၀-နိုင်ငံက ခေါင်းဆောင်တွေရယ်၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အမေရိကန်၊ ရုရှားနိုင်ငံက ခေါင်းဆောင်တွေပါဝင်တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေး (East Asia Summit-EAS) ကိုလည်း အာဆီယံထိပ်သီးအစည်းအဝေးနဲ့အတူ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါတယ်။

**ဝန်ကြီးအဆင့် အစည်းအဝေး**

(ASEAN Ministerial Meeting-AMM)

အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးဟာ အာဆီယံအဖွဲ့ကြီးရဲ့ လုပ်ငန်းစဉ်တွေကို ပေါင်းစပ်ညှိနှိုင်းဖို့နဲ့ မူဝါဒလမ်းညွှန်ချက်တွေကို ဆွေးနွေးပြုစုဖို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေရဲ့ တစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပတဲ့ အစည်းအဝေးဖြစ်ပြီး နှစ်စဉ်ဇူလိုင်လမှာ ကျင်းပပြုလုပ်လေ့ရှိပါတယ်။ ကြားကာလတွေမှာတော့ သီးသန့်အစည်းအဝေးတွေ၊ အလွတ်သဘော အစည်းအဝေးတွေကိုလည်း ပြုလုပ်လေ့ရှိပါတယ်။ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများပါဝင်တဲ့ အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီ (ASEAN Coordinating Council-ACC) ကို ဖွဲ့စည်းထားရှိပါတယ်။ အာဆီယံ ပူးပေါင်းညှိနှိုင်းရေး ကောင်စီဟာ အာဆီယံထိပ်သီးအစည်းအဝေးတွေအတွက် ပြင်ဆင်မှုတွေ ဆောင်ရွက်ခြင်း၊ ထိပ်သီးအစည်းအဝေးတွေကနေ ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေနဲ့ သဘောတူညီချက်တွေကို လက်တွေ့အကောင်အထည်ဖော်ရေးနဲ့ ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အာဆီယံထိပ်သီးအစည်းအဝေးက သတ်မှတ်ပေးတဲ့ အခြားလုပ်ငန်းတာဝန်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။




၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၁ – ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေး




၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်း ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များ အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်

**အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး**

(Senior Officials Meeting- SOM)

အာဆီယံအဆင့်မြင့် အရာရှိကြီးများအစည်းအဝေးဟာ အာဆီယံအဖွဲ့ကြီးရဲ့ လုပ်ငန်းအစီအစဉ်တွေ၊ နိုင်ငံရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေကို ဆွေးနွေးတဲ့ အစည်းအဝေးတစ်ခုဖြစ်ပါတယ်။ အစည်းအဝေး ရလဒ်တွေကို အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးကို တာဝန်ခံတင်ပြရပါတယ်။ ဒါ့အပြင် လုပ်ငန်းအဖွဲ့အစည်းအဝေးတွေ (SOM Working Group Meeting-SOMWG) အခါအားလျော်စွာ ကျင်းပပါတယ်။

**အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး**

(ASEAN Economic Ministerial Meeting-AEM)

အာဆီယံဒေသအတွင်းမှာ စီးပွားရေးကဏ္ဍတွေအလိုက် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်တွေ၊ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ Common Effective Preferential Tariff (CEPT Scheme) ကို အသုံးပြုပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဧရိယာကိစ္စ၊ အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တွေနဲ့ ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်တွေအပေါ် ညှိနှိုင်းဆွေးနွေးနိုင်ဖို့အတွက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးကို နှစ်စဉ်ကျင်းပပြုလုပ်ပါတယ်။ အခုဆိုရင် ဒေသဆိုင်ရာ စီးပွားရေးဘက်စုံပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အစီအစဉ် (Regional Comprehensive Economic Partnership-RCEP) ဆွေးနွေးပွဲတွေကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ အပြီးသတ်သဘောတူညီမှုတွေရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားဖို့ အာဆီယံစီးပွားရေးဝန်ကြီးများကို တာဝန်ပေးအပ်ထားပါတယ်။

**စာမျက်နှာ ၁၈ သို့**

❖ အာဆီယံအဆင့်မြင့် အရာရှိကြီးများအစည်းအဝေးဟာ အာဆီယံအဖွဲ့ကြီးရဲ့ လုပ်ငန်းအစီအစဉ်တွေ၊ နိုင်ငံရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေကို ဆွေးနွေးတဲ့ အစည်းအဝေးတစ်ခုဖြစ် . . .

❖ အာဆီယံကာကွယ်ရေး ဝန်ကြီးများရဲ့ အစည်းအဝေးဟာ ဒေသအတွင်းမှာ ကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ အဆင့်အမြင့်ဆုံးဆွေးနွေးပွဲ တစ်ရပ်ဖြစ် . . .




၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများ အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်

# တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

(င) ပြည်ပမျိုး သဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသူအား စမ်းသပ်ခြင်း၊ မျိုးပွားခြင်း ပြုလုပ်နိုင်ရန် တင်သွင်းခွင့်၊ သယ်ဆောင်ခွင့်၊ လက်ဝယ်ထားခွင့်ပြုနိုင်သည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) မျိုးသုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအနက် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုနိုင်သော တောရိုင်း တိရစ္ဆာန်နှင့် စိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင်အမျိုးအမည်များကို ထုတ်ပြန်ကြေညာနိုင်သည်၊

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပြန်ကြေညာထားသည့် မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင်များကို စည်းကမ်း သတ်မှတ်ချက်ဖြင့် ဖမ်းဆီးခွင့်၊ စုဆောင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုနိုင်သည်၊

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရ လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရ လည်းကောင်း မွေးမြူခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ဃ) သဘာဝနယ်မြေနှင့် ကပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်း လိုအပ်လျှင် တိရစ္ဆာန်မွေးမြူသူနှင့် အပင်စိုက်ပျိုးသူ၊ မည်သူကိုမဆို သဘာဝနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့် အစီအမံများ ချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်းပြုနိုင်သည်၊

(င) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကို စီးပွားရေးအလို့ငှာ လည်းကောင်း၊ ဝါသနာအရလည်းကောင်း မွေးမြူနိုင်ရေးနှင့် စိုက်ပျိုးနိုင်ရေးအတွက် စည်းကမ်းချက်များ သတ်မှတ်၍ တင်သွင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ပြုနိုင်သည်၊

(စ) ပုဒ်မခွဲ(ခ)နှင့်(င)တို့အရ လုပ်ကိုင်ခွင့်ပြုသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သော နည်းလမ်းများနှင့်အညီ စစ်ဆေးရန် သစ်တောအရာရှိ သို့မဟုတ် သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်တို့ကို တာဝန်ပေးအပ်ရမည်၊

(ဆ) ပြည်တွင်းသို့ တင်သွင်းလာသည့် ပြည်ပမျိုးတောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များဖြစ်စေ၊ မျိုးရိုးဗီဇပြုပြင်ထားသော တိရစ္ဆာန်နှင့် အပင်များဖြစ်စေ ကူးစက်ရောဂါပိုး ကင်းရှင်းမှုမရှိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုးပါရှိခြင်း၊ အဆိပ်အတောက်ပါဝင်ခြင်း၊ ပြည်တွင်းမျိုးများအပေါ်သို့ မျိုးရိုးဗီဇရောယှက်စေနိုင်ခြင်းနှင့် ပြည်တွင်းမျိုးများ၏ မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်လာစေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေခြင်းနှင့် အများပြည်သူ၏ ကျန်းမာရေးအပေါ် ထိခိုက်စေခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ပြည်တွင်းသို့ ဆက်လက်သယ်ဆောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်သယ်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်၊

၁၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခွင့်ပြုထားသော သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုရန် ထောက်ခံချက်ပေးနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းရန် သို့မဟုတ် ပြည်ပသို့ တင်ပို့ရန် သို့မဟုတ် ပြည်ပသို့ တစ်ဆင့်ခံ တင်ပို့ရန် ထောက်ခံချက်ပေးနိုင်သည်၊

(ဂ) ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသော သစ်တောအရာရှိသည် အမဲလိုက်ခွင့်၊ စုဆောင်းခွင့်၊ စီးပွားရေးအလို့ငှာ မွေးမြူခွင့် သို့မဟုတ် စိုက်ပျိုးခွင့် ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းခွင့် ပြုနိုင်သည်၊

(ဃ) ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံ တင်ပို့ခြင်းတို့အတွက် ပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ)အရ ထုတ်ပေးထားသော ထောက်ခံချက်တင်ပြနိုင်သူကိုသာ ပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးရမည်၊

(င) ပါမစ် သို့မဟုတ် လိုင်စင် ရရှိသူသည် သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးဆောင်ရမည်၊

(စ) စစ်ဆေးခ၊ ပါမစ် သို့မဟုတ် လိုင်စင်ခနှင့် အခြားစရိတ် ကြေးငွေများသည် သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## အမဲလိုက်ခြင်း

၁၉။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝနယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များကို အမဲလိုက်သူအား စည်းကမ်းချက်များ သတ်မှတ်၍ အမဲလိုက်ခွင့်လိုင်စင် ထုတ်ပေးနိုင်သည်။

၂၀။ အမဲလိုက်ခွင့် လိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော အမဲလိုက်ခွင့်လိုင်စင်ခကို ပေးဆောင်ရမည်၊

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) သစ်တောဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၇)
## တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်

၂၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန် ဖြစ်စေ၊ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင် လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၂။ ဝန်ကြီးသည် -

(က) ပုဒ်မ ၂၁ ပုဒ်မခွဲ(က)အရ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လိုအပ်လျှင် တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၃။ ပုဒ်မ ၂၁ အရ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ညီညွတ်မှုရှိမရှိစိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ခ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်၊

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၅။ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးသွင်းရမည်၊

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ သေဆုံးလျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၂၆။ (က) ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေအာဏာမတည်မီက လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ် လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရ လည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ဂ) ဤဥပဒေအာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၁၆ ပုဒ်မခွဲ(က)အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ယင်းတောရိုင်း တိရစ္ဆာန်၏အစိတ်အပိုင်းကို သုတေသနပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ၊ လက်ဝယ်ထားရှိလိုလျှင် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောအရာရှိသည် -

(က) ပုဒ်မ ၂၆ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ခြင်း၊ သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ပါက လျှောက်ထားသူအား မှတ်ပုံတင် လက်မှတ်ထုတ်ပေးရမည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ သစ်တောဝန်ထမ်းများသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် အလို့ငှာ ရှာဖွေခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရကစီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့် ပြုထားသောနေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့်မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသော နေရာမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း၊ ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖဲ့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

၃၀။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရကစီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲဝင်ရောက်ခြင်း၊

(ခ) ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုရိုက်ခြင်း၊

(ဂ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း၊

(ဃ) သဘာဝအပင် သို့မဟုတ် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၁။ သစ်တောအရာရှိသည် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထားသည့် ရာသီအတွင်း ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရ ဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုလုပ်သူအား အနည်းဆုံး ကျပ် ၇၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။

၃၂။ သစ်တောအရာရှိသည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ချမှတ်သည့်အခါ သဘာဝနယ်မြေမှဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်မှဖြစ်စေ ထွက်ရှိသောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်၊

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း (၁၀)
## အယူခံခြင်း

၃၃။ သစ်တောအရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

**စာမျက်နှာ ၁၈ သို့**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိများ မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁၀**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ကြီးမှူး ဖွင့်လှစ်သည့် အရာရှိများမွမ်းမံသင်တန်း (၁/၂၀၁၇)ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်း ပျဉ်းမနားမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က သင်တန်းအဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စိုးမိုး(ပြန်/ဆက်)**



## ကြီးအုံကြီးဝရေလှောင်တမံ ကန်ရေပြည့်ပမာဏထက် ကျော်လွန်လျက်ရှိသော်လည်း စိုးရိမ်ရေအမှတ်သို့မရောက်

**ပွင့်ဖြူ ဇူလိုင် ၁၀**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝရေလှောင်တမံသည် ဇူလိုင် ၁၀ ရက် တိုင်းထွာချက်အရ ကန်ရေပြည့်ပမာဏ ပေ ၃၄၀ ထက် ၅ ဒသမ ၉ ပေခန့် ကျော်လွန်နေသော်လည်း စိုးရိမ်ရေအမှတ်သို့ မရောက်ရှိသေးကြောင်း၊ ယခုမုန်းချောင်းရေသည် ကြီးအုံကြီးဝရေလှောင်တမံရှိ လျှပ်စစ်ဓာတ်အားပေး စက်ရုံမှ ရေထုတ်လွှတ်ခြင်း၊ စိုက်ပျိုးရေးရေထုတ်ပေါက်မှ ရေထုတ်လွှတ်ခြင်း၊ ပင်မရေပိုလွှဲနှင့် အကူရေပိုလွှဲတို့မှ ရေကျော်ကျခြင်းစသည့် ရေထွက်ပေါက်လေးခုတို့မှ ထုတ်လွှတ်ရေများသာဖြစ်ကြောင်း တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## မိတ္ထီလာဒေသ တက္ကသိုလ်၊ ကောလိပ်များ ဘောလုံးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၁၀**
မိတ္ထီလာဒေသ တက္ကသိုလ်၊ ကောလိပ်များ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီက ခရိုင်အားကစားကွင်း၌ စတင်ကျင်းပကြောင်းသိရသည်။

၎င်းဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် နည်းပညာတက္ကသိုလ် (မိတ္ထီလာ)က မိတ္ထီလာစီးပွားရေးတက္ကသိုလ်အား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားပြီး ညနေပိုင်းတွင် မိတ္ထီလာကွန်ပျူတာတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ်တို့ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ မိတ္ထီလာဒေသ တက္ကသိုလ်၊ ကောလိပ်များဘောလုံးပြိုင်ပွဲအုပ်စု (က) တွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာပညာရေးကောလိပ်၊ နည်းပညာတက္ကသိုလ် (ရမည်းသင်း)၊ အုပ်စု(ခ) တွင် နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)၊ မိတ္ထီလာတက္ကသိုလ်တို့ ပါဝင်ပြီး ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ၂၀ ရက်အထိ တစ်နေ့ ပွဲစဉ်နှစ်ပွဲ ကျင်းပမည်ဖြစ်သည်။

၎င်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားသည့်ဘောလုံးအသင်းခုနစ်သင်းမှ လက်ရွေးစင်အားကစားသမားများကို ရွေးချယ်ပြီး မိတ္ထီလာဒေသကိုယ်စားပြု အမျိုးသားအသင်းအဖြစ် မန္တလေးတိုင်းဒေသကြီးအဆင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အလားတူ မိတ္ထီလာဒေသကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်မည့် အမျိုးသမီးအသင်းအတွက် လက်ရွေးစင်အားကစားသမားများကို နည်းပညာတက္ကသိုလ်(ရမည်းသင်း)၊ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာပညာရေးကောလိပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် အသင်း လေးသင်းတို့ထဲမှ ရွေးချယ်ဖွဲ့စည်းခြင်းအား ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီတွင် ခရိုင်အားကစားကွင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**

## အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအား အဆင့်တိုးမြှင့်ဖွင့်လှစ်

**သာစည် ဇူလိုင် ၁၀**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရောက်ရိုးကျေးရွာနှင့် ထနောင်းကန်(မ)ကျေးရွာတို့မှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအား အခြေခံပညာအလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက အဆိုပါကျောင်းများ၌ ကျင်းပသည်။

ရောက်ရိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ ထနောင်းကန်(မ)ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲကို နံနက် ၁၀ နာရီတွင်လည်းကောင်းကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်သီဟ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းစိုး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးဦးစစ်ငြိမ်းအေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဇော်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူးဦးမြင့်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားများတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစံထွန်းတို့က အမှာစကားများပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးတို့က ပညာရေးအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာကျောင်းအကျိုးတော်ဆောင်များက ကျေးဇူးတင်စကားများ ပြောကြားသည်။

အဆိုပါကျောင်းများသည် ပတ်ဝန်းကျင်ရှိကျေးရွာများမှ ကျောင်းသားကျောင်းသူများပါလာရောက်ပညာသင်ယူနေသောကျောင်းများဖြစ်ရာ ယခုကဲ့သို့အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသည့်အတွက် ပညာသင်ယူရေးတွင်ပိုမိုအဆင်ပြေကြောင်းသိရသည်။

**ထွန်းထွန်း(သာစည်)**

## ဓာတ်အားဆုံးရှုံးမှုမရှိစေရေး ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်း

**မတ္တရာ ဇူလိုင် ၁၀**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားဆုံးရှုံးမှုမရှိစေရေးအတွက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကြွေသီးများလဲလှယ်ခြင်းကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီမှ စတင်၍ 33 KV နှင့် 11 KVတစ်လျှောက်တွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများကဦးဆောင်၍ ကျွမ်းကျင်ဝန်ထမ်းများမှ ဓာတ်အားလိုင်းများပိတ်၍ လျှပ်စစ်ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကြွေသီးများလဲလှယ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းများအား ဓာတ်အားပိတ်၍ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် လျှပ်စစ်သုံးစွဲသူပြည်သူများ ကြိုတင်ပြင်ဆင်နိုင်စေရန်အတွက် အသံချဲ့စက်များဖြင့် လည်းကောင်း၊ လူမှုကွန်ရက်များတွင်လည်းကောင်း ကြိုတင်အသိပေးအကြောင်းကြားပြီး ဆောင်ရွက်ခဲ့သောကြောင့် လျှပ်စစ်သုံးစွဲသူပြည်သူများမှာ လုပ်ငန်းဆောင်ရွက်မှုများကို ကြိုတင်ဆောင်ရွက်ထားနိုင်မှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်သော်လည်း လုပ်ငန်းများကို အဆင်ပြေစွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ဆင်းရဲမှုလျှော့ချရေးအတွက် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်

**မိတ္ထီလာ ဇူလိုင် ၁၀**
မိတ္ထီလာမြို့နယ်၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက်မတည်ရန်ပုံငွေများကို ကျေးရွာများတို့ မတည်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းကျေးရွာများကို ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ မတည်၍ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီများဖွဲ့စည်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများကို အတိုးနှုန်း သက်သာစွာဖြင့်ဆောင်ရွက်နိုင်ရန် နှစ်စဉ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာ ၃၁ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထပ်မံတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် တောင်ဖီလာ၊ ညောင်ပင်လျို၊ ညောင်ပင်သာ(တောင်+မြောက်)၊ သစ်ဆိမ့်ပင်၊ ဝွေးကုန်း၊ ဂဠုံကုန်း၊ လေးထောင့်ကန်၊ ကျောင်းရွာ၊ ကလိန်ခြေကျေးရွာ စသည့် ကျေးရွာ ၁၀ ရွာကို အရင်းမပျောက်မတည်ရန်ပုံငွေ ထုတ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်နှင့်ဝန်ထမ်းများမှ ဇူလိုင် ၉ ရက်က အဆိုပါကျေးရွာများသို့ ကျေးရွာမြစိမ်းရောင်ကော်မတီဖွဲ့စည်းပြီး ကျေးရွာလူထုသိရှိစေရန် မြစိမ်းရောင်စီမံကိန်း အကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## အရက်၊ မူးယစ်ဆေးပညာပေး ရက်သတ္တပတ်ဆောင်ရွက်ရေးသင်ကြား

**မန္တလေး ဇူလိုင် ၁၀**
ကျန်းမာရေး၊လူမှုရေးနှင့် ဖွံ့ဖြိုးရေးနယ်ပယ်များတွင် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆယ်ကျော်သက်လူငယ်များဖွံ့ဖြိုးရေးအဖွဲ့ကို ၂၀၁၃ ခုနှစ်နှောင်းပိုင်းတွင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်မှစတင်ကာ လုပ်ငန်းများလုပ်ဆောင်နေသည်။ အသက် (၁၀) နှစ်မှ (၂၄) နှစ်အတွင်းရှိ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်အတွက် မှန်ကန်တိကျသော သတင်းအချက်အလက်များ ပေးခြင်း၊ အကြံဉာဏ်နှင့် လမ်းညွှန်မှုပေးခြင်းများလုပ်ဆောင်နေသည်။ လူငယ့်အရေးကိစ္စများ၊ ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများတွင် လူငယ်များဦးဆောင်ပါဝင်နိုင်စေရန် နည်းပညာများပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့ရှိ လူငယ်များ အရက်၊ မူးယစ်ဆေးကင်းစင်ရေးပညာပေးရက်သတ္တပတ်ကို ဇူလိုင်ဒုတိယပတ်တွင် တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် လှုပ်ရှားဆောင်ရွက်မည်ဖြစ်ရာ ပါဝင်ဆောင်ရွက်နိုင်ရေး မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူ ၁၄ ဦးစီနှင့် ၂၈ ဦး၊ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၀ ဦးဖြင့် ပူးပေါင်းကာ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ လူငယ်များပေါင်းစည်း လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

အရက်၊ မူးယစ်ကင်းစင်ရေး ရက်သတ္တပတ်လှုပ်ရှားလေ့ကျင့်ဆောင်ရွက်မှုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မူးယစ်(ဗဟို)မှ ရဲမှူးကြီးဇော်လင်းထွန်း၊ မူးယစ်နှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲ (မန္တလေး)မှ ဒုတိယရဲမှူးကြီးကျော်ဆန်းတို့က ကူညီပံ့ပိုးပြီး ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နှင့် UNODC တို့မှနည်းပြများက သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

စာမျက်နှာ ၁၆ မှ

၃၄။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -
- (က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊
- (ခ) အမဲလိုက်ခွင့်လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊
- (ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်း တိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊
- (ဃ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်းနှင့် ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊
- (င) သဘာဝနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊
- (စ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်းလိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း၊
- (ဆ) မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသော စာရွက်စာတမ်း၊ အမှတ်အသား၊ အချက်အလက်နှင့် ကိန်းဂဏန်းများကို မသမာသောနည်းဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အတုအပ ပြုလုပ်ခြင်း၊
- (ဇ) ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ၏ နမူနာတစ်ခုချင်း၌ ပြုလုပ်ထားသောအမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊
- (ဈ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

၃၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀၀၀၀ မှ အများဆုံး ကျပ် ၁၀ သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -
- (က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊
- (ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊
- (ဂ) သဘာဝနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် ဂေဟစနစ်ကို ဖြစ်စေ၊ သဘာဝအနေအထား တစ်ခုခုကို ဖြစ်စေ ဖျက်ဆီးခြင်း၊
- (ဃ) သဘာဝနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အစိုးရကစီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ်အမှတ်အသားတစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဍာန် ပျက်စေရန်ပြုလုပ်ခြင်း။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ၇ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅၀၀၀၀၀ မှ အများဆုံး ကျပ် ၁၅ သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊
- (က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သို့မဟုတ် ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရ ဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊
- (ခ) လုံးဝကာကွယ်ထားသည့် သဘာဝအပင်ကို သို့မဟုတ် ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် သဘာဝအပင်ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်စီးခြင်း၊ ယင်းသဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွား ထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊
- (ဂ) ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝ အပင်များကို ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ)တို့အရ ထုတ်ပေးထားသော ထောက်ခံချက်မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ခြင်း၊

၃၈။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -
- (က) ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် ထောက်ခံချက် တစ်ခုခုရရှိရန် ဤဥပဒေအရ လျှောက်ထားရာတွင် မမှန်မကန်ဖော်ပြခြင်း၊
- ( ခ) ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် ထောက်ခံချက်ကို မရိုးမဖြောင့်သောသဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း။

၃၉။ မည်သူမဆို ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၇၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကို ကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၁။ ပုဒ်မ ၃၆ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၃၇ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်သည် -
- (က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ ထုံးစံအရလည်းကောင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊
- (ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို ပုဒ်မ ၂၇ ပုဒ်မခွဲ (ခ)အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊
- (ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်၏ အစိတ်အပိုင်းဖြင့် ဖော်စပ်ပြီးသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း နှင့် မသက်ဆိုင်စေရ။

၄၂။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -
- (က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်၊
- ( ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊
- (ဂ) ပြစ်မှုနှင့် သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း၊ ကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်၊
- (ဃ) သဘာဝနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လုပ်ကိုင်ခြင်းများနှင့် ပတ်သက်၍ လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို သဘာဝနယ်မြေအတွင်းမှ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားရန် အမိန့်ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၄၃။ The Wild Life Protection Act, 1936 အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများကို ဤဥပဒေအရ သဘာဝနယ်မြေအဖြစ် သတ်မှတ်ထားသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများဖြစ်သည်ဟု မှတ်ယူရ မည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြား စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၅။ (က) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်၊
- (ခ) ဤဥပဒေအရ တရားစွဲဆိုရာတွင် သစ်တောဦးစီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၄၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၄၈။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့အရ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၄၉။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ မထုတ်ပြန်မီ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆာကျူလာများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -
- (က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊
- (ခ) သစ်တောဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၁။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

စာမျက်နှာ ၁၅ မှ

### အာဆီယံစီးပွားရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး

(Senior Economic Officials Meeting- SEOM)

အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးအတွက် လိုအပ်တာတွေကို အထောက်အကူပြုနိုင်ဖို့ အာဆီယံ စီးပွားရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဝန်ကြီးများ အစည်းအဝေးမတိုင်မီ ကျင်းပပြုလုပ်လေ့ရှိပါတယ်။

### အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး

(ASEAN Defence Ministers Meeting-ADMM)

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့တဲ့ ၁၀-ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးကနေ အတည်ပြုခဲ့တဲ့ အာဆီယံလုံခြုံရေးအသိုက်အဝန်းရဲ့ လုပ်ငန်းအစီအစဉ်အရ အာဆီယံနိုင်ငံများမှ ကာကွယ်ရေး ဝန်ကြီးများရဲ့ အစည်းအဝေးတွေကို ၂၀၀၆ ခုနှစ်က စပြီး ကျင်းပပြုလုပ်လျက်ရှိပါတယ်။ အာဆီယံကာကွယ်ရေး ဝန်ကြီးများရဲ့ အစည်းအဝေးဟာ ဒေသအတွင်းမှာ ကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ အဆင့်အမြင့်ဆုံးဆွေးနွေးပွဲ တစ်ရပ်ဖြစ်ပါတယ်။ ADMM ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်က ဒေသတွင်းမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေကို ပိုမိုသိရှိနားလည်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းမှသည် အပြန်အလှန်ယုံကြည်မှု တိုးမြှင့်သွားနိုင်ဖို့ ဖြစ်ပါတယ်။ ADMM ဆွေးနွေးပွဲတွေကို နှစ်စဉ်ကျင်းပ ပြုလုပ် လျက်ရှိပါတယ်။

ADMM ဆွေးနွေးပွဲနဲ့အတူ တွဲပြီးထွက်ပေါ်လာတာကတော့ အာဆီယံနိုင်ငံများနဲ့ မိတ်ဖက်နိုင်ငံများမှ ကာကွယ်ရေး ဝန်ကြီးများအကြား ကျင်းပပြုလုပ်တဲ့ ADMM Plus ဆွေးနွေးပွဲတွေ ဖြစ်ပါတယ်။ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံခြုံရေးနဲ့ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်သွားဖို့ ၂၀၁၀ ပြည့်နှစ်မှာ ပထမဆုံးအကြိမ် အစည်းအဝေးတွေကို စတင်နိုင်ခဲ့ပြီး ဆွေးနွေးပွဲတွေကို မူလက နှစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်လျက်ရှိရာက အခုဆိုရင် နှစ်စဉ် ပြုလုပ်သွားဖို့ ရှိပါတယ်။

ဆက်လက်ဖော်ပြပါမည်




၂၀၁၆ ခုနှစ် မေလအတွင်း လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၀ ကြိမ်မြောက် အာဆီယံကာကွယ်ရေး ဝန်ကြီးများအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးများ အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်

အနုပညာ

# လူးဝစ်တွမ်လစ်ဆန်၏ တစ်ကိုယ်တော် တေးသီချင်းသစ် ယခုလအတွင်း ထုတ်လွှင့်သွားမည်

နာမည်ကျော်ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “One Direction”မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လူးဝစ်တွမ်လစ်ဆန်ဟာ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်တစ်ပုဒ်ကို ယခုလကုန်ပိုင်းမှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်း လတ်တလောမှာ လူးဝစ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့ကြောင်း မစ်ရာဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ လူးဝစ်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ တေးသီချင်းသစ်တစ်ပုဒ်ကို ပြင်ဆင်နေကြောင်းနဲ့ တေးသီချင်းအတွက် အစမ်းဗီဒီယိုတွေကိုပါ ဖော်ပြခဲ့တာဖြစ်ပါတယ်။ လူးဝစ်ရဲ့ တစ်ကိုယ်တော်တေးသီချင်းကိုတော့ “Back To You”လို့ အမည်ပေးထားပြီး လာမယ့် ဇူလိုင် ၂၁ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း ပေ့ါပ်ကြယ်ပွင့်က ရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

အသက်(၂၅)နှစ် အရွယ်ရှိပြီဖြစ်တဲ့ လူးဝစ်ရဲ့ တေးသီချင်းအတွက် ဗီဒီယိုမှာတော့ သူဟာ အိပ်ရာပေါ်မှာ ခရီးဆောင်အိတ်တစ်အိတ်ကို ပြင်ဆင်နေပြီး သူ့ရဲ့ဘေးက စားပွဲပေါ်မှာ ချထားတဲ့ ပြက္ခဒိန်မှာတော့ ဇူလိုင် ၂၁ ရက်နေ့ကို ညွှန်းဆိုနေတာတွေ့ရပါတယ်။ ဒ့ါအပြင် လူးဝစ်ဟာ ဖုန်းအသုံးပြုနေတာတွေ၊ ကော်ဖီသောက်နေတဲ့ဟန်တွေကိုလည်း တေးဗီဒီယိုမှာ တွေ့မြင်ခဲ့ရပါတယ်။ ဒါကြောင့် လူးဝစ်ရဲ့ ပရိသတ်တွေအနေနဲ့ သူ့ရဲ့တေးဗီဒီယိုသစ်နဲ့ပတ်သက်ပြီး အမျိုးမျိုးထင်ကြေးပေးနေကြကာ ထုတ်လွှင့်မယ့်ရက်ကိုလည်း ရင်ခုန်စွာစောင့်စားနေကြကြောင်းလည်း သိရပါတယ်။

ပရိသတ်အချို့ကတော့ လူးဝစ်တွမ်လစ်ဆန်ကို အစမ်းဗီဒီယိုတွေ ထုတ်လွှင့်ရာမှာ အလွန်တော်တဲ့အတွက် ဘုရင်တစ်ပါးလို့တောင်ဆိုနိုင်ကြောင်း ချီးကျူးထားပြီး အချို့သောပရိသတ်တွေကတော့ လူးဝစ်ရဲ့ ဗီဒီယိုဟာ အထူးစိတ်လှုပ်ရှားဖွယ်ဗီဒီယိုတစ်ခုဖြစ်တယ်လို့ ရေးသားဖော်ပြခဲ့ကြတာလည်း တွေ့ရပါတယ်။

သူ့ရဲ့တေးသီချင်းသစ်နဲ့ပတ်သက်ပြီးလည်း လူးဝစ်က “အဲဒီအချိန်တွေမှာ တကယ့်ကို ကြိုးကြိုးစားစားနဲ့ ရေးသားထားခဲ့တာပါ။ နေ့တိုင်း တစ်နေ့ပြီးတစ်နေ့ဆက်ကာ ရေးသားထားတာဖြစ်ပြီး အလွန်လည်း စိတ်လှုပ်ရှားခဲ့ရပါတယ်”လို့ ရေးသားဖော်ပြခဲ့တာလည်း တွေ့ရပါတယ်။

လူးဝစ်တွမ်လစ်ဆန်ဟာ “One Direction”တေးဂီတအဖွဲ့ရဲ့ အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ရပ်နားလိုက်ကြောင်း ကြေညာပြီးတဲ့နောက် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးဆက်ဖို့ စီစဉ်ခဲ့ကာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းဖြစ်တဲ့ “Just Hold On”ကို ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း စတင်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။ ယင်းတေးသီချင်းမှာတော့ လူးဝစ်က အခြားသောတေးသံရှင်တစ်ဦးဖြစ်တဲ့ စတိဗ်အေအိုကီနဲ့ တွဲဖက်သီဆိုခဲ့ကာ ပြီးခဲ့တဲ့နှစ်ရဲ့ “The X Factor”သီချင်းဆိုပြိုင်ပွဲကြီးရဲ့ နောက်ဆုံးပြိုင်ပွဲမှာ ယင်းတေးသီချင်းကို သီဆိုဖျော်ဖြေခဲ့ပါတယ်။ ဒီလိုဖျော်ဖြေခဲ့ခြင်းဟာလည်း ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားခဲ့တဲ့ လူးဝစ်ရဲ့ မိခင်ဖြစ်သူရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးတာဖြစ်တယ်လို့လည်း သိရပါတယ်။

လာမယ့် ဇူလိုင် ၂၁ ရက်မှာ စတင်ထုတ်လွှင့်သွားမယ့် “Back To You”ကတော့ လူးဝစ်ရဲ့ ဒုတိယမြောက်တစ်ကိုယ်တော်တေးသီချင်းဖြစ်လာမှာ ဖြစ်ပါတယ်။



# ဝင်ငွေအကောင်းဆုံးအဖြစ် ရပ်တည်နိုင်ခဲ့တဲ့ “Spider-Man Homecoming”



ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် “Spider-Man Homecoming”ဟာ ဝင်ငွေအကောင်းဆုံးရရှိခဲ့တဲ့ရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရပါတယ်။ ယင်းရုပ်ရှင်ဟာ စတင်ရုံတင်ခဲ့တဲ့ အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး “ Spider-Man” ဇာတ်လမ်းတွဲရုပ်ရှင်တွေအနက် အဖွင့်သီတင်းပတ်မှာ ဒုတိယမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ တွမ်ဟော်လန်က ပင့်ကူလူသားအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ ယင်းရုပ်ရှင်ဟာ လူစွမ်းကောင်းရုပ်ရှင်အမျိုးအစားဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၁၇ သန်းခန့် ရရှိခဲ့တာဖြစ်ပြီး ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ “Spider-Man Homecoming” ဟာ စမ်းသပ်ထုတ်လွှင့်ချိန်မှ ရုံတင်သည်အထိ အပြုသဘောဝေဖန်မှုတွေသာ ရရှိခဲ့ပြီး ချီးကျူးခံခဲ့ရကာ ရုံတင်ပြသချိန်မှာလည်း ဝင်ငွေအရ အောင်မြင်ခဲ့တဲ့ တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တာတွေ့ရပါတယ်။

“Spider-Man”ရုပ်ရှင်တွေရဲ့ သမိုင်းတစ်လျှောက်ပြန်ကြည့်မယ်ဆိုပါက လတ်တလောထုတ်လွှင့်ခဲ့တဲ့ “Spider-Man Homecoming” ဟာ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၇ သန်းရရှိခဲ့ကာ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၂ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ မင်းသား တိုဘီမာဂူရီက ပင့်ကူလူသားအဖြစ်ပါဝင်ထားတဲ့ “Spider-Man” ရုပ်ရှင်က အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၄ ဒသမ ၈ သန်းရရှိခဲ့ကာ တတိယမြောက်ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်းက ရုံတင်ခဲ့တဲ့ “The Amazing Spider-Man” မှာတော့ မင်းသား အန်ဒရူးဂါးဖီးလ်က ပင့်ကူလူသားအဖြစ် ပါဝင်သရုပ်ဆောင်ထားခဲ့ပြီး ဂါးဖီးလ်ရဲ့ရုပ်ရှင်ကတော့ အဖွင့်သီတင်းပတ်မှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၆၂ သန်းခန့်သာ ရရှိခဲ့တာဖြစ်ပါတယ်။ “Spider-Man Homecoming”ရဲ့ အဖွင့်သီတင်းပတ်ဝင်ငွေကို ကျော်လွန်ရရှိခဲ့တဲ့ ရုပ်ရှင်ကတော့ “ Spider-Man 3 ”ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်အတွင်း ရုံတင်ခဲ့တဲ့ ပင့်ကူလူသားရုပ်ရှင်ဖြစ်ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် ဒုတိယမြောက်ဝင်ငွေအကောင်းဆုံးအဖြစ် ရပ်တည်နေတဲ့ရုပ်ရှင်ကတော့ ဒုတိယမြောက် သီတင်းပတ်အဖြစ်ရုံတင်ခဲ့တဲ့ "Despicable Me 3" ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ ရုပ်သံဖန်တီးမှုရုပ်ရှင်အမျိုးအစားဖြစ်ကာ အဖွင့်သီတင်းပတ်မှာတော့ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပြီး ပြီးခဲ့တဲ့သီတင်းပတ်မှာတော့ ဝင်ငွေအကောင်းဆုံးရုပ်ရှင်တွေအနက် နံပါတ်(၂)နေရာကိုသာ ပိုင်ဆိုင်နိုင်ခဲ့တာဖြစ်ပါတယ်။ သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင်ဖြစ်တဲ့ "Despicable Me 3" ရဲ့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၃၄ သန်း ရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ တတိယမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်ကတော့ "Baby Driver" ဖြစ်ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ သန်း ရရှိခဲ့တာဖြစ်ပါတယ်။

ယင်းနောက်မှာတော့ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁ သန်း ဝင်ငွေရရှိခဲ့တဲ့ "Wonder Woman" ရုပ်ရှင်က နံပါတ်(၄)နေရာကို ရယူထားခဲ့ပြီး "Transformers: The Last Knight" ကတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ သန်းရရှိခဲ့ကာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်တွေအနက် ပဉ္စမနေရာမှာသာ ရပ်တည်နေခဲ့ကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင် ၁၀ ကားစာရင်းမှာပါဝင်နေတဲ့ အခြားသောရုပ်ရှင်တွေကတော့ "Cars 3"၊ "The House"၊ "The Big Sick"၊ "47 Meters Down" နဲ့ "The Beguiled" တို့ဖြစ်ကြပါတယ်။

# နွေရာသီအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့ “Red Velvet”

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Red Velvet” ဟာ လတ်တလောမှာ အဖွဲ့ရဲ့ တေးဗီဒီယိုသစ်ကို စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကာ ယင်းတေးဗီဒီယိုမှာတော့ နွေရာသီအတွက် အဆင်သင့်ဖြစ်နေကြပြီဖြစ်တဲ့ အဖွဲ့ဝင်တွေရဲ့ ပုံရိပ်တွေကို တွေ့မြင်ခဲ့ရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ လာမယ့် နွေရာသီအတွက် ရည်ရွယ်ထုတ်လုပ်ခဲ့တဲ့ တေးအယ်လ်ဘမ်သစ်တစ်ခုကို ဖန်တီးခဲ့ကြတာဖြစ်ပြီး “The Red Summer”လို့ အမည်ပေးထားတာဖြစ်ပါတယ်။ “The Red Summer”တေးအယ်လ်ဘမ်ဟာ မီနီတေးအယ်လ်ဘမ်အမျိုးအစားတစ်ခု ဖြစ်တာကြောင့် တေးသီချင်းစုစုပေါင်း ငါးပုဒ်သာ ပါဝင်နေတာဖြစ်ပါတယ်။ ယင်းတေးသီချင်းတွေအနက် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Red Flavor”အတွက် တေးဗီဒီယိုကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ကြောင်း



အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

“Red Flavor”တေးသီချင်းရဲ့ ဗီဒီယိုမှာတော့ အသီးအနှံအမျိုးမျိုးနဲ့အတူ အဖွဲ့ဝင်တွေ တွဲဖက်ဖန်တီးထားတဲ့ ပုံရိပ်တွေကို တွေ့မြင်ခံစားရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ယင်းမီနီတေးအယ်လ်ဘမ်မှာ ပါဝင်နေတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “You Better Know”ကတော့ အီလက်ထရိုပေ့ါပ်တေးဂီတအမျိုးအစားဖြစ်ပါတယ်။ အခြားသောတေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Zoo”ကတော့ အကတေးသီချင်းတစ်ပုဒ်ဖြစ်ပြီး “Mojito”ကတော့ ပေ့ါပ်တေးဂီတအမျိုးအစားဖြစ်ကာ “Here the Sea”လည်း ပါဝင်နေတာတွေ့ရပါတယ်။

**အေးပြည့် – စုစည်းသည်**



# စစ်ကိုင်းတိုင်းဒေသကြီး ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**မုံရွာ ဇူလိုင် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးစာပေပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ တိုင်းဒေသကြီး ပညာရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းမြင့်က ကလေးစာပေပွဲတော် ကျင်းပမည့်အစီအစဉ်နှင့်ပတ်သက်ပြီးရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသော မုံရွာတက္ကသိုလ် ပါမောက္ခချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများမှ ဆွေးနွေးတင်ပြကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးကလေးစာပေပွဲတော်ကို မုံရွာတက္ကသိုလ်ဘက်စုံခန်းမ၌ ဩဂုတ်လအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော်တွင် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများ၊ စာပေဟောပြောပွဲများ၊ ပြခန်းများနှင့် စာပေပွဲတော်သို့ လာရောက်လည်ပတ်ကြည့်ရှုမည့် ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများကို လက်ဆောင်ပေးမည့် အစီအစဉ်များ ပါဝင်ကြောင်းသိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ချောင်းဦးမြို့၌ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်

**ချောင်းဦး ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီက ချောင်းဦးမြို့ သမဝါယမဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူတို့က အမှာစကားပြောကြားခဲ့ပြီး ဝန်ကြီးဦးကမ်ဇာမုံက အသေးစားအရင်းအနှီး ချေးငွေကျပ် ၇၅၂၅၆ ဒသမ ၁၁ သန်းကို ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ မုံရွာခရိုင်၊ ကလေးခရိုင်နှင့် မော်လိုက်ခရိုင်တို့အားလည်းကောင်း၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက ယင်းမာပင်ခရိုင်၊ စစ်ကိုင်းခရိုင်၊ ကသာခရိုင်၊ တမူးခရိုင်နှင့် ခန္တီးခရိုင်တို့အားလည်းကောင်း၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းအတွက် ပံ့ပိုးချေးငွေကျပ် ၂၄၂ ဒသမ ၈၅ သန်းကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက ကျပ် ၁၇၉၅ ဒသမ ၇၀ သန်းရှိ လယ်ယာသုံးစက်ကိရိယာ ၂၆၈ စီးကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ဦးကမ်ဇာမုံ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ၊ အသေးစားစက်မှုလက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများမှ ရောင်းချထားသော လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ၊ အသေးစားစက်မှုလက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြို့နယ် (၃၅) မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းများမှ တာဝန်ရှိသူများ၊ လယ်ယာသုံးစက်ကိရိယာဝယ်ယူထားသည့် အသင်းသား တောင်သူလယ်သမားများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ စုစုပေါင်း ၅၅၀ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရေးမြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း အမှုကြီး ၁၀ မျိုးထဲတွင် လူသတ်မှုအများဆုံးဖြစ်ပွားခဲ့

**ရေး ဇူလိုင် ၁၀**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ၂၀၁၇ ခုနှစ် ဇူလိုင်လ ပထမအပတ်အထိ အမှုကြီး ၁၀ မျိုးထဲတွင် လူသတ်မှု၊ သက်ငယ်မုဒိမ်းမှု၊ အဓမ္မပြုကျင့်ခံရမှုနှင့် လက်နက်ပြလုယက်မှုများအနက် အများဆုံးမှာ လူသတ်မှု အဖြစ်များခဲ့ကြောင်း သိရသည်။

လူသတ်မှုအဖြစ်များသောနေရာမှာ ပင်လယ်ရေလုပ်ငန်းခွင် ရေလုပ်သားများ အချင်းများခိုက်ရန်ဖြစ်ပွားရာမှ ပိုမိုအဖြစ်များခဲ့သလို သက်ငယ်မုဒိမ်းပြုကျင့်မှုမှာ ပတ်ဝန်းကျင်အနေအထားအရ အနေနီးစပ်ရာမှ အဖြစ်များခဲ့ကြောင်း ရေးမြို့မရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူး စိုးမွန်ကပြောသည်။

ရေးမြို့မရဲစခန်းမှတ်တမ်းများအရ လူသတ်မှု လေးမှု၊ သက်ငယ်မုဒိမ်းမှု သုံးမှု၊ လက်နက်ကိုင်ဆောင်လုယက်မှု သုံးမှုအပြင် အခြားအမှုများလည်း အနည်းငယ်စီဖြစ်ပွားခဲ့ကြောင်း ၎င်းကပြောသည်။ ရေးမြို့နယ်ရဲစခန်းပိုင်နယ်မြေအတွင်း မှုခင်းများဖြစ်ပွားမှုရှိခဲ့သော်လည်း မှုခင်းကျဆင်းလာစေရန် လူထုအပေါ် အသိပညာပေးလုပ်ငန်းများကို အချိန်နဲ့အမျှ လူစည်ကားရာနေရာများဖြစ်သည့် ကားဂိတ်၊ ဈေး၊ စာသင်ကျောင်းများမှာ အသိပညာပေးမှုများကို ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်းဆိုသည်။

ရေးမြို့နယ်အတွင်း ဇူလိုင်ပထမအပတ်က လက်နက်ကိုင်ဆောင်ခြိမ်းခြောက်လုယက်တရားခံ ဖမ်းဆီးနိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေခံ တပ်မတော် တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမာခံသတင်းပေးသူများနှင့် ပူးပေါင်းစုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

**(ထွဋ်ထွဋ်)**

# မစားသုံးသင့်သည့်မုန့်များ၊ အစားအသောက်များ စုပေါင်းမီးရှို့ဖျက်ဆီးပွဲနှင့် ကျန်းမာရေးအသိပညာပေးဟောပြော

**တောင်တွင်းကြီး ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မုန့်တိုက်ပွဲလှုပ်ရှားမှုအဖွဲ့မှ ကြီးမှူး၍ ကလေးသူငယ်များ ယုံကြည်စိတ်ချစွာ မစားသုံးသင့်သည့် မုန့်များ၊ အစားအသောက်များ စုပေါင်းမီးရှို့ဖျက်ဆီးပွဲနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက(အထက-၁) ပေလေးပင်ခန်းမ၌ ကျင်းပရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းဈေးသည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်တို့က အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒေါက်တာပြည့်ထူးက တားမြစ်ဓာတုဆေးဝါးများနှင့် တားမြစ်ဆိုးဆေးများ၏အန္တရာယ်၊ စားသုံးရန် မသင့်သည့်မုန့်များနှင့် အစားအသောက်များ အကြောင်းသိကောင်းစရာများကို ကျန်းမာရေး အသိပညာပေး ရှင်းလင်းဟောပြောကာ မြို့နယ်မုန့်တိုက်ပွဲလှုပ်ရှားမှုအဖွဲ့ ဒေါက်တာကျော်ဆွေက စာသင်ကျောင်းများတွင် ရောင်းချလျက်ရှိသည့် မုန့်ဈေးတန်းများ အခြေအနေအား ရှင်းလင်းဆွေးနွေးကာ ကလေးသူငယ်များ ယုံကြည်စိတ်ချစွာ မစားသုံးသင့်သည့် မုန့်များ၊ အစားအသောက်များအား စုပေါင်း မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**(၅၈၀)**

# ရေဘေးရှောင်အိမ်ထောင်စုများအားစားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်

**မော်လိုက် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၅ ရက် ညနေပိုင်းမှစ၍ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး မြို့တွင်းမြေနိမ့်ပိုင်း ရပ်ကွက်များနှင့် ကျေးရွာများရှိ လူနေအိမ်များ ရေနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ချင်းတွင်းမြစ်ရေနစ်မြုပ်မှုကြောင့် မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြောင်းရွှေ့အိမ်ထောင်စုမှာ ၁၈၄ စု၊ အမျိုးသား ၄၄၈ ဦး၊ အမျိုးသမီး ၄၅၅ ဦး စုစုပေါင်း ၉၀၃ ဦးအား ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးထားရကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေကြရသည့် ရေဘေးရှောင်ပြည်သူများအတွက် စစ်ဦးစီးမှူး ပထမတန်း (ဦး/ရေး/ထောက်) ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဆိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ယုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် မော်လိုက်မြို့ပေါ်ရှိ မြို့မဘုန်းတော်ကြီးကျောင်းနှင့် မြို့နယ်အား/ကာခန်းမရှိ ရေဘေးရှောင် အိမ်ထောင်စု ၇၀၊ လူဦးရေပေါင်း ၂၉၉ ဦးအတွက် ရေသန့်ကတ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကြက်ဥများ၊ ငါးဘူးများနှင့် နို့မှုန့်ဘူးများကို လည်းကောင်း၊ ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေချထားရေးဦးစီးဌာနမှ နောက်တိုးပြောင်းရွှေ့ အိမ်ထောင်စု ၄၃ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ပစ္စည်းငါးမျိုးပါ ပုံးတစ်ပုံးနှင့်လူဦး ရေ ၁၉၃ ဦးအတွက် လူတစ်ဦးအတွက် ဆန်ဖိုးတစ်ပတ်စာ ထောက်ပံ့ငွေကျပ် ၂၁၀၀ စုစုပေါင်း ဆန်ဖိုးတစ်ပတ်စာ ထောက်ပံ့ငွေ ကျပ် ၄၀၅၃၀၀ တိတိကိုလည်းကောင်း ထောက်ပံ့ ပေးအပ်ခဲ့သည်။

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေချထားရေးဦးစီးဌာနမှ တာဝန်ရှိသူတို့သည် တံတားဦးရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ပြောင်းရွှေ့နေကြသည့် ရေဘေးရှောင် အိမ်ထောင်စုများအတွက် ခေါက်ဆွဲခြောက်ထုပ်များနှင့် ငါးဘူးများအား သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

**(မော်လိုက်သားလေး)**

# မြောင်မြို့တွင် မြို့တွင်းလမ်းများ ပြုပြင်ဆောင်ရွက်မှုများကြည့်ရှု

**မြောင် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် မြို့တွင်းလမ်းများ မြို့အင်္ဂါရပ်နှင့်အညီ မြောင်သီရိလမ်းမကြီးအား ပြုပြင်ဆောင်ရွက်ခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဌေးငွေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်အဖွဲ့ဝင်များက ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

"မြောင်သီရိလမ်းက မြို့အဝင်လမ်းပါ။ သူတို့အခုလိုခင်းပေးတာကောင်းပါတယ်။ လမ်းပခုံးသားတွေတင်ပေးပြီးရင် ပိုကျယ်သွားမှာဆိုတော့ ပြည်သူတွေသွားရေးလာရေးအဆင်ပြေသွားတာပေါ့ဗျာ"ဟု ဦးတင်အောင်စိုးက ပြောပြသည်။

"ကျွန်တော်တို့မြို့ထဲလမ်းတွေ ကောင်းမွန်ရေးအတွက် ဆက်လက်ခင်းသွားမှာပါ။ အလယ်ရပ်ကွက် ကျောက်ကြိုးလိမ်လမ်းခင်းပြီးသွားပါပြီ။ အခုဒီလမ်းလည်းပြီးတော့မှာပါ။မြို့အင်္ဂါရပ်နှင့်အညီ လမ်းများပြုပြင်ခြင်းနှင့် လမ်းဘေးဝဲယာတွေကိုလည်း သာယာလှပစေရေးအတွက် သစ်ပင်များလည်း စိုက်သွားပါမယ်"ဟုမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးအောင်ဘိက ရှင်းပြသည်။ **တင်ကိုကို(ပြန်/ဆက်)**

# ကော့သောင်းနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော မြန်မာအလုပ်သမားများ နေရပ်ပြန်နိုင်ရေး ကူညီပံ့ပိုးပေး



**ကော့သောင်း ဇူလိုင် ၁၀**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဧည့်ရိပ်သာခန်းမ၌ ကော့သောင်းခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စည်ပင်သာယာရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကော့သောင်း မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးခွဲဝေချထားပေးမှု ရန်ပုံငွေအလိုက် ဦးစားပေးဆောင်ရွက်ကြရေး၊ ယင်းဝါရေလှောင်တမံမှ မြို့ရေပေးဝေရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး၊ ဒေသအတွင်း မြို့ဝင်ကြေးနှင့် လမ်းအသုံးပြုခများကောက်ခံနေမှုအား ပြည်သူများအဆင်ပြေလွယ်ကူစေရန် လိုအပ်သည့်လျှော့ပေါ့မှုများ ဆောင်ရွက်နိုင်ရေး တာဝန်ရှိအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ မဍ္ဂူသကခန်းမသို့သွားရောက်ပြီး ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများ လက်ခံကြိုဆိုကူညီလျက်ရှိသည့် အခြေအနေများအား ကြည့်ရှုပြီး ယင်းနေ့ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမား ၁၂၂ ဦးအား ထမင်းဘူးနှင့် သောက်ရေသန့်များ ဝေငှပေးအပ်ကာ နေရပ်ပြန်အလုပ်သမားများ ကူညီကယ်ဆယ်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ငွေကျပ်သိန်း ၂၀ အား ဒေသတာဝန်ရှိအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

ဇူလိုင် ၉ ရက်အထိ ကော့သောင်းနယ်စပ်ဂိတ်မှ မြန်မာအလုပ်သမား ဝင်ရောက်မှု အမျိုးသား ၇၅၁ ဦး၊ အမျိုးသမီး ၃၆၈ ဦး၊ ကလေး ၇၅ ဦး အပါအဝင် စုစုပေါင်း ၁၁၉၄ ဦး ရှိပြီဖြစ်ရာ အဆိုပါအလုပ်သမားများသည် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မော်တော်ယာဉ်စီး နင်းခများ ဆက်လက်ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဧည့်ရိပ်သာခန်းမ၌ ဘာသာပေါင်းစုံအဖွဲ့အစည်းနှင့်တွေ့ဆုံပြီးတာဝန်ရှိသူများသို့ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဘာသာအလိုက် ချစ်ကြည်ရင်းနှီးစွာ တိုင်ပင်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရေး၊ တနင်္သာရီတိုင်းဒေသကြီး ဘာသာပေါင်းစုံစည်းလုံးညီညွတ်ရေးအဖွဲ့တွင် တိုင်းဒေသကြီးအတွင်း ခရိုင်ပေါင်းစုံမှ ဘာသာအလိုက်ကိုယ်စားလှယ်များဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရေး အစီအမံများအား အကြံပြုညှိနှိုင်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည်နယ်စပ်ဒေသ ကုန်သွယ်မှုအဖွဲ့အစည်း၏ တာဝန်ရှိ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း တရားမဝင် ကုန်သွယ်မှုလုပ်ငန်းဖြစ်စဉ်တချို့ကြောင့် ကုန်သွယ်မှုကဏ္ဍ၏ အခွန်အခများ အလေအလွင့်ဖြစ်ပေါ်နေသဖြင့် နိုင်ငံတော်၏ ဂျီဒီပီကျဆင်းမှုမဖြစ်ပေါ်ရေး တာဝန်ရှိအဖွဲ့အစည်းများမှ ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံ ကာ တနင်္သာရီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်လာသည့်ခရီးသွားလုပ်ငန်းနှင့်အတူနိုင်ငံတော်ဝင်ငွေနှင့် ဒေသပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိလာရေး နိုင်ငံတကာ ခရီးသွားဧည့်သည်များ စိတ်ဝင်စားနိုင်မည့် ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများ ဒေသအတွင်း တီထွင်ကြံဆရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရေး အကြံပြုတိုက်တွန်းခဲ့ကြောင်းသိရသည်။

**ကျော်စိုး(ကော့သောင်း)**

## တာတမံများ ရေရှည်တည်တံ့ခိုင်မြဲရေး ပြည်သူများ ပူးပေါင်းပါဝင်ထိန်းသိမ်းပေး



**ကော့မှူး ဇူလိုင် ၁၀**
မိုးရာသီ ဒီရေမြင့်တက်ချိန်ကာလများ၌ ရေဘေးကာကွယ်ရေးနှင့် ရေငန်တားဆီးရေးတာများတွင် ဖြစ်ပေါ်နိုင်သည့် ကမ်းစားခြင်း၊ တာအိခြင်း၊ တာလျောခြင်း၊ တာပေါ်ရေကျော်ခြင်းများ ဖြစ်ပေါ်တတ်သောကြောင့် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် သရက်တောကျေးရွာအနီးရှိ ရန်ကုန်မြစ်အနောက်ဘက်ကမ်းဖြစ်သောမုတ်ကျွန်းတာ၏ပေတိုင် (၂၂၃+၀၀၀)အနီး၌ နေထိုင်ကြသည့် ဒေသခံပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အရေးပေါ်ရေဘေးကာကွယ်ရေးနည်းစနစ်များကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက လက်တွေ့သရုပ်ပြသခဲ့ကြောင်းသိရသည်။

အဆိုပါ မုတ်ကျွန်းတာသည် မိုးရာသီတွင် ဒီရေမြင့်တက်ပြီး ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်များအတွင်းရှိ ကျေးရွာများနှင့် မိုးစပါးစိုက်ဧက ၇၅၀၀၀ ကျော်ကို ရေဘေးအန္တရာယ်မှ ကာကွယ်ပေးထားကာ နွေရာသီတွင် ပင်လယ်ဒီရေ ကုန်းတွင်းသို့မဝင်ရောက်စေရန် ကာကွယ်ပေးထားသော ရေငန်တားတာဖြစ်ကြောင်း၊ ထူးကဲ ဒီရေလှိုင်းများရိုက်ခတ်ခြင်း၊ ဒီရေအတက်အကျကြမ်းခြင်းစသော သဘာဝဘေးအန္တရာယ်များကြောင့် မုတ်ကျွန်းတာတစ်လျှောက်တွင် ကမ်းစားမှုများရှိလာခဲ့ပြီး ကမ်းနှင့် တာနီးကပ်လာကြောင်း၊ ထိုသို့ ဖြစ်ပေါ်မှုကိုလည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နှစ်စဉ်ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ဌာနမှ ဝန်ထမ်းများနှင့်အတူ တာတမံရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပူးပေါင်းပါဝင်ထိန်းသိမ်းပေးကြစေလိုကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးကျော်ကျော်အောင်က အရေးပေါ်ရေဘေးကာကွယ်ရေး နည်းစနစ်လက်တွေ့သရုပ်ပြပွဲတွင် ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာနကနေ မိုးရာသီရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရေးနှင့် နွေရာသီကာလမှာစိုက်ပျိုးရေရရှိဖို့အတွက် မြို့နယ်များအတွင်းမှာ ရေနုတ်မြောင်းများ၊ ချောင်းကော၊ မြောင်းကောများကိုပြန်လည်တူးဖော်ပေးလျက်ရှိပါတယ်။ အဓိကတော့ ဒေသခံများအနေဖြင့် ချောင်း/မြောင်းများအတွင်းမှာ ရေစီးရေလာ အဟန့်အတားဖြစ်စေမယ့် ကျားပိုက်ထောင်ခြင်း၊ မြင်းဝန်းခံခြင်း၊ ခြုံချခြင်း၊ စည်းကမ်းမဲ့ ငါးဖမ်းခြင်း၊ မလိုအပ်ဘဲတံတားထိုးခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ စက်တပ်ရေယာဉ်များ အရှိန်ပြင်းစွာမောင်းနှင်ခြင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ပေးဖို့လိုအပ်ပါတယ်၊ ဒါမှသာရေစီးရေလာကောင်းမွန်မှာဖြစ်ပြီး ချောင်းကောမှုများပါ သက်သာစေမှာ ဖြစ်ပါတယ်။ ပြီးတော့ မိုးရာသီရေကြီးနစ်မြုပ်မှုကိုလည်း လျော့နည်းသက်သာစေမှာဖြစ်ပါတယ်" ဟုဆိုသည်။

ဆက်လက်၍ ရေကြီးနစ်မြုပ်မှုကြိုတင်ကာကွယ်ရေးနှင့် တာတမံရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် တာအိခြင်း၊ တာလျောခြင်းကိစ္စရပ်များ၊ အရေးပေါ်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များနှင့် နှစ်အလိုက်ဌာနမှ ဆောင်ရွက်ထိန်းသိမ်းလာခဲ့သည့် အတွေ့အကြုံများကို ဦးစီးအရာရှိ ဦးကျော်ဇေယျာတင့်က ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားခဲ့ပြီး အရေးပေါ် ရေဘေးကာကွယ်ရေးနည်းစနစ်များ သရုပ်ပြပွဲပြုလုပ်ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ကမ်းစားခြင်းအတွက် တုတ်တန်းအဆင့်ဆင့်ရိုက်၍ သဲအိတ်ဖြည့်ခြင်း၊ တာအိတာလျောခြင်းအတွက် မြစ်ဘက်ခြမ်းတွင် တုတ်တန်းရိုက်သဲအိတ်စီချခြင်း၊ ကုန်းဘက်တွင် တာခြေ၌ တုတ်တန်းရိုက်၍ သဲအိတ်ချပြီး တာအက်ကြောင်း ရေလုံအောင်အမိုးမိုးပေးကာတာခြေကန်ခြင်း၊ တာပေါ်ရေကျော်ခြင်းအတွက် တာထိပ်တွင်ကန်သင်းဆင့်ခြင်းပုံစံများအား ဒေသခံပြည်သူများနှင့်အတူ စနစ်တကျ သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အရေးပေါ်ရေဘေးကာကွယ်ရေးနည်းစနစ်လက်တွေ့သရုပ်ပြပွဲ၌ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်သန္တာအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြုများနှင့် ဒေသခံပြည်သူများ ၁၅၀ ကျော် တက်ရောက်ကြကြောင်းသိရသည်။

**စိုးဝင်း(MLA)**

## ရေဘေးကာကွယ်ရေးလက်တွေ့သရုပ်ပြ

**သာယာဝတီ ဇူလိုင် ၁၀**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရေကင်းကျေးရွာအနီး ဘုရားကြီးကုန်းခအောင်းပင်တာ တာမိုင် (၁၇/၀)အနီးတွင် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မိုးရာသီ မြစ်ရေမြင့်တက်ချိန်၌ ရေဘေးကာကွယ်ရေးတာများတွင် ဖြစ်ပေါ်နိုင်သည့် ထူးပေါက်၊ သဲဗွက်ထခြင်း၊ တာအိတာလျောခြင်း၊ တာပေါ်ရေကျော်ခြင်းတို့အတွက် အရေးပေါ်ရေဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၉ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ အရေးပေါ်ရေဘေးကာကွယ်ရေး သရုပ်ပြပွဲတွင် သာယာဝတီခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဖြိုးကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မိုးညိုမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကြည်လွင်ဦးက မြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ၏ အခြေအနေများကို ရှင်းလင်းပြောကြားပြီး မိုးရာသီမြစ်ရေမြင့်တက်ချိန်ဖြစ်ပေါ်လေ့ရှိသော ရေပေါက်ထူးပေါက်ခြင်း၊ တာအိခြင်း၊ သဲဗွက်ထခြင်း၊ တာပေါ်ရေကျော်ခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လက်တွေ့သရုပ်ပြပွဲအား ဆက်လက်ပြုလုပ်ရာ ဦးစီးအရာရှိ၊ ဦးစီးမှူးနှင့် ဒုတိယဦးစီးမှူးတို့က တာလုပ်သားဝန်ထမ်းများနှင့်အတူ ရေပေါက်ထူးပေါက်ခြင်းအတွက် ရေခွေခွေခြင်း၊ တာအိတာလျောခြင်းအတွက် တာခြေကန်ခြင်း၊ သဲဗွက်ထခြင်းအတွက် ရေခွေခွေခြင်း၊ တာပေါ်ရေကျော်ခြင်းအတွက် တာထိပ်ကန်သင်းဆင့်ခြင်း ပုံစံများအား ဒေသခံပြည်သူများနှင့်အတူ နည်းစနစ်ကျကျ လက်တွေ့သရုပ်ပြသခဲ့သည်။

အဆိုပါ လက်တွေ့သရုပ်ပြပွဲအခမ်းအနားသို့ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မိုးညိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာစောင့်ရှောက်ရေးအဖွဲ့များစုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**သူရအောင်(ပြည်)**



**ရန်ကုန် အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှေ့၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၃၄)မှ ရဲအုပ် ဇော်မင်းသန့်၊ အမှတ် (၆) လူကုန်ကူးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ ရဲအုပ် သိန်းဌေးတို့က တိုင်းဒေသကြီးမှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းပညာပေးပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကျော်စိုးမိုး**

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် တက-၁၃/၀၀/၂၂၁

# ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းသည် (၂၀၁၄-၁၅/၂၀၁၅-၁၆/၂၀၁၆-၁၇) ပညာသင်နှစ်တွင် ၃-နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်းဖြစ်ပြီး

၂၀၁၆-၁၇ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီးတွင် (၉၂.၁၀%)ဖြင့် အောင်ချက်အကောင်းဆုံး(ပထမ)ကျောင်းဖြစ်ပြီး မိဖွဲ့ထားထားတဲ့တွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3)



အတွဲ (၁) ဆေးဝေဒဝေဒ အောင်ချက် (၈၂.၃၅%)

အတွဲ (၇) စီပွားရေး အောင်ချက် (၁၀၀%)

တစ်ကျောင်းလုံးအောင်ချက် (၉၂.၁၀%)

**Repeater တန်းခွဲသစ်များဖွင့်လှစ်ပြီ**

Repeater တန်းခွဲသစ်များ July(3)ရက် တနင်္လာနေ့ စတင်

၅-တန်း မှ ၁၀-တန်း အထိ

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

- ကျွမ်းကျင်ထိရောက်မှုရှိသော တစ်နေ့ရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀ တန်းများအတွက်စိတ်ကြိုက်အပ်နှံနိုင်သော အချိန်အစားများ
  - နေ့ကျောင်း
  - ဘော်ဒါ/တက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေနည်းပါးသဖြင့် ကြိုတင်အပ်နှံ၍ စိတ်ချရမည်။

**Ferry ရှိသည်**

အမှတ် ၃၈/၄၀၊ သိမ်ဂိုဏ်းအိမ်ရာ ... ရန်ကုန်မြို့၊ ဖုန်း ... ၀၉ ၄၄၅၃၄၀၀၇၇၊ ၀၉ ၇၃၀၀၄၇၂၂၊ ၀၁ ၈၇၆ ၂၈၃၀

# B.Sc (Engineering) and M.Sc (Engineering)

MCC.i



ပြင်သစ်နိုင်ငံ HEI ISA ISEN အင်ဂျင်နီယာတက္ကသိုလ်များနှင့် MCC Institute တို့ ပူးပေါင်းသင်ကြားပြီး ဆိုးမြင့်မည့် အင်ဂျင်နီယာဘွဲ့သင်တန်းဖြစ်ပါသည်။ သင်တန်းကာလ (၅) နှစ်တွင် B.Sc (Engineering) နှင့် M.Sc (Engineering) ဘွဲ့နှစ်ခုကို ရရှိနိုင်မည့် အခွင့်အရေးဖြစ်ပါသည်။

**B.Sc (Engineering) သင်တန်းကာလ (၃) နှစ်**

- ပထမနှစ် MCC Institute
- ဒုတိယနှစ် MCC Institute
- တတိယနှစ် MCC Institute

**M.Sc (Engineering) သင်တန်းကာလ (၂) နှစ်**

- စတုတ္ထနှစ် HEI , France
- ပဉ္စမနှစ် HEI , France

ထူးချွန်ကျောင်းသူ၊ ကျောင်းသားများကို ပညာသင်ဆု (Scholarship) ပေးမည်ဖြစ်၍ Online မှ လျှောက်ထားနိုင်ပါသည်။
www.facebook.com/mcc.institute

**Call - 01-246634, 245762** **Opening Date - July 17**

HAPPy Data Combo

MPT
ရွှေသို့လှမ်းမျိုးမြန်မာပြည်




Data Pack ကိုဝယ်ယူပြီး
Facebook, Viber,
YouTube နဲ့ pyoneplay အတွက်
**Bonus** များကိုရယူလိုက်ပါ။

၃၉၉ ကျပ်မှစတင်ပြီး ဝယ်ယူရန် *700# ကိုခေါ်ဆိုပါ။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL

CALL CENTER 106 | call free 24 hours everyday

# ကြော်ငြာ

သန်းဒွေးနှင့်ရောင်းရင်းများ ၅ ရွှေတောင်ပြုံးသို့

July 31, Aug 1

Ph: 01-380141, 01-241063, 09-43043009, 09-73251427

ခရီးစဉ် 1-8-2017

420144148, 421153797

ကားစီးလိုက်ပါမည်ဆို

**ကားစီးလိုးမှားသည်။**

AC-Express(45,33,25), အဆင့် (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေ) ငိုင်နိုင်ကိုယ်တိုင်သည်။

Ph: 09-252522200, 09-33345545, 09-5089800

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

ကိုကျော်နိုင်

CAR RENTAL

ALPHARD, HIACE

09 25 358 2510

RUBY

519100

09-51-77212, 535100

Saloon, Van

ASIA KING 09-43114301, 09-420051117, 09-420221257

ရွှေတောင်ပြုံး 35000 1-8-17

ရွှေတောင်ပြုံး မန္တလေး စစ်ကိုင်း ကျောက်စိမ်း (၃)ရက် 40000 ပြင်ဦးလွင်ပါ 45000 ◊ Guest House တည်း 75000

ရွှေတောင်ပြုံး-မန္တလေး တောင်ကြီး အင်းလေး (၃)ရက် 75000 ◊ Guest House တည်း 90000

ချာဒိုသာ

ရွှေတောင်ပြုံးပွဲတော် (1-8-2017)

ရွှေတောင်ပြုံး၊မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊ကျောက်စိမ်း၊ဓာတ်ပုံ

ရွှေတောင်ပြုံး၊မန္တလေး၊တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော

Ph: 09426334456, 09449323986, 09260233592

ရွှေဝ်ပျား

တောင်ပြုံး-မန္တလေး-စစ်ကိုင်း-ပြင်ဦးလွင် ၁၉/၃ရက် 1/8/17 55000

မိုးကုတ်-မန္တလေး-ကျောက်စိမ်းဘုရား ၂၉/၃ရက် 21/7/17 70000

ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ-ပခုက္ကူ ၂၉/၃ရက် 21/7/17 39000

09-444462599, 09-252055609

ရွှေစင်မိုး

၁၅၀၀၀

၂၅၀၀၀

မန္တလေး ပြင်ဦးလွင် စစ်ကိုင်း ကျောက်စိမ်း ကျောက်ဆည် 40000

09-420420761, 09-420420762, 09-420420763 July 7,14



# Dinner Promotion

Sule Square

YANGON

By Shangri-La

SHOP. DINE. RELAX.

## 10-23 JULY

### FREE GIFT VOUCHER

Get a free 5,000ks gift voucher when you spend a minimum of 20,000ks at any shop in Sule Square.

### FREE PARKING

From 6pm onwards during promotion period.

+95(1) 925 5009 | sule.square@shangri-la.com | Sule Square Mall & Office | **221, Sule Pagoda Road, Yangon** *Linked to Sule Shangri-La, Hotel*

**စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ**

အဆင့်မြင့် စတီးဘလိတ်ဘားသွားဘူးကြီးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊

(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပဲဟန်းမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161

HOTLINE : 09-5008161

**BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်ခန်းမ**

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ

အရောင်းဆိုင်ခန်း(၁)- အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ပဲဟန်းမြို့နယ်။

Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381

အရောင်းဆိုင်ခန်း(၂) - Ph: 09-5426251, 09-73225484

အရောင်းဆိုင်ခန်း(၃) - Ph: 09-5076661, 09-5076662, 09-5076663

အရောင်းဆိုင်ခန်း(၄) - Ph: 09-5091526, 09-5091527

**သာလွန်ကျော်**

အိမ်၊ခြံ၊မြေရောင်းဝယ်ရေး

အဲ့မြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ လှော်မြို့နယ်ရှိ မြေကွက်များဝယ်လိုသည်။

Ph: 09-420780797, 09-254285314

**တက်နေဝန်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။

09-442076599

09-400448695

09-33100721

ငှားမည်

ကမာရွတ်၊ အင်းစိန်လမ်းမ၊ လှည်းတန်းနှင့် စံရိပ်ငြိမ်ကြား ပေ(၁၆× ၅၇) မြေညီတိုက်ခန်း

Ph:09-73220635

Ph: 09444766996

**မြေအပည်ပေါက်၊ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

- (ပေ၈၀×၈၀) အောင်မြေသာစည်လုံးချင်းအိမ်ရာ (၁)လမ်း၊ ကမာရွတ်မြို့နယ်။ (နှစ်၆၀ဂရန်မြေကွက်)
- (ပေ၃၂×၆၀) အင်းသလမ်း၊ တာမွေမြို့နယ်၊ (နှစ်၉၀ဂရန်မြေကွက်)
- (၁၂ပေခွဲ×၅၀) ၉၃လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် (နှစ်၉၀ဂရန်မြေကွက်)

Ph : 09 5478686, 09 448999999.

GGW
GREEN GREAT WALL
◆ အိမ်ဆောက်သူများ ဝမ်းမြောက်မှုယ်ရာ သတင်းကောင်း

High Tech Ready Made Light Wall Panel များ
မြန်မာပြည်တွင် ဝယ်ယူရရှိနိုင်ပါပြီ ....

Size: 610mm × 2440 mm (2' × 8')
Thickness: 60mm,75mm,90mm,120mm

◆ GGW (Wall Panels) နံရံပြားများသုံးစွဲခြင်း၏အကျိုးကျေးဇူးများ
(၁) [illegible]
(၂) [illegible]
(၃) [illegible]
(၄) [illegible]
(၅) [illegible]
(၆) [illegible]
(၇) [illegible]
(၈) [illegible]
(၉) [illegible] Beam [illegible]

အလေးချိန်သည် မိရိုးဖလာအုတ်နံရံအလေးချိန်၏ လေးပုံတစ်ပုံ ခန့်သာရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၄၆၉)၊ ကျိုင်းတုံလမ်း၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဆက်သွယ်ရန်ဖုန်း၊ - 09-259445511, 09-970888200

## နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ဝင်းဌေး [၈/နမန(နိုင်)၀၀၆၀၈၆]နှင့် ကျွန်မ မစန်းစန်းထွေး [၁၂/ကမရ(နိုင်)၀၀၈၀၇၀]တို့သည် ၇-၇-၂၀၁၇ရက်တွင် မင်္ဂလာဒုံမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

London Pearson LCCI (UK) [illegible]
ဒေါ်သူဇာဝင်း
LCCI Approved Centre
B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)
LCCI 1,2,3
December-2017 Series [illegible]
MYOB , AutoCount /Job Training for Accountant
15/7/2017မှ 31/7/2017 [illegible] (10%) Discount [illegible]
[illegible]
Ph:09-5029621,09-5402724,09-250371045

လိုနေသူကို ပေးမကူဘို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA)
IELTS တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ရက်တက် (၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းအတက်၌ တက်သူတိုင်းတတ်ကျွန်ကြပြီ။ တန်းခွဲသစ်များ July 15 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
[illegible]
အထူးစီစဉ်ဖွင့်လှစ်ပေးသည့် Certificate in Business English Speaking ၃၊လ အထူး
[illegible]
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ အမှတ် ၁၈၊ ၄-လွှာ၊ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ၊ 0943125393
ဂိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ၊ 01 398118, 295798

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
[illegible]
09401505559

သီဟာလင်း
အိမ်ပြောင်း/အိမ်ရွှေ့ လုပ်ငန်း
(10',14',16',18',22') ကား
များဖြင့် လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

Khayann Treasure Land Co.,LTd
KTL Construction & Home Decoration
[illegible]
PAE [illegible] Steel Structure [illegible]
Home Renovation [illegible]
[illegible] Partition [illegible] Composite
P.V.C [illegible] Celing [illegible]
[illegible]
[illegible] Composite [illegible] Design
[illegible] Slide Door ၊ [illegible] Sunshad
No.42, 94 Street, Mingalar Taung Nyunt Tsp, Yangon, Myanmar.
Tel : 09-73242372, 09-420127578, 09-421126097

စေတ်သစ် Fashion Design School
Skirt, Blouse [illegible] Evening Grown [illegible] CM [illegible]
Fashion Illustration, Designer Tools, Pattern Magic [illegible] Ready to Wear [illegible]
[illegible]



တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ GCE "O" Level အောင်မြင်ပြီးသူများအတွက်

# IB DIPLOMA PROGRAMME

(Global College Diploma Programme)

## at Shu Khinn Thar International College

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတက်ရောက်နိုင်ရေးအတွက် ပညာရေး ဆွေးနွေးပွဲ ဖိတ်ကြားခြင်း

- Direct Entry to Worldwide, Top Universities including Harvard, Oxford, MIT, Cambridge, Yale...
- Recognized by Worldwide, Top 3000 Universities
- Excellent Support for Projects & CAS (Creativity, Activity and Service)
- Multiple Tracks of Study (Engineering / IT, Medicine & Medical Science, Business & Economics, Humanities)
- Excellent Sports Facilities for Well-Rounded Development
- Excellent Lab Facilities and Library with a Wide Range of Books



Laptop (1) လုံး Promotion

Date : 15.7.2017(Sat)
Time : 10:00 am to 12:00 pm
Venue : Konbaung-Tagaung Room, Sule Shangri-La Yangon Hotel

Call us (01) 450396-7, (01) 9410010-20
09 970134041, 09 31365000

**MSEC**
MYANMAR SECURITIES EXCHANGE CENTRE

## Seminar on How to Invest in the Stock Market



- Myanmar Securities Exchange Centre Co.,Ltd. သည် မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ Daiwa Securities Group တို့ အကျိုးတူပူးပေါင်း၍ မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုအတွက် 1996 ခုနှစ် မှ စတင်တည်ထောင်ခဲ့သည့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီဖြစ်သည်။
- Myanmar Securities Exchange Centre Co.,Ltd မှတဆင့် Yangon Stock Exchange ၏ တရင်းဝင် စတော့ရှယ်ယာများအား အရောင်းအဝယ် ပြုလုပ်ရန်အတွက် လွယ်ကူရှင်းလင်းသောနည်းလမ်းများအား ဟောပြောဆွေးနွေးခြင်းနှင့် ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) ဖွင့်လှစ်ခြင်းကိုအောက်ပါဆွေးနွေးပွဲတွင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

Date 19th July 2017 (Wednesday)
Time (09:00am to 12:00pm)
Venue PARKROYAL Yangon (Yadanar Grand Ballroom)
No.(33), Alan Pya Phyar Road, Dagon Township, Yangon, Myanmar

RSVP by 17th July 2017
Ma Yee Mon
01-376822, Ext (103,105)
rsvp@msecmyanmar.com



**ရွှေဘိနှင်ရီ**

09 2532 77776, 09 2532 66667
09 2532 66668, 09 2532 66669

**ခရုံမြို့သစ်**

အလျှင်း
ဘိတ်တန်မြို့သစ်
ကောင်ပင်း မြေကွက်ပိုင်
များရှိ မြေကွက်များကို
ရှာဖွေရောင်း ပေးပါသည်။
09-6809893
09-5120620

VICTORIA UNIVERSITY COLLEGE

Partnership with
UNIVERSITY OF WOLVERHAMPTON
KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါ သင်တန်းများအတွက် အခြေခံပညာ အထက်တန်း အောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာ အသိအမှတ်ပြု အောင်လက်မှတ်ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃) နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်းပြည်ပနိုင်ငံတကာ အတွေ့အကြုံရှိ ဆရာဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့်အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK ဘွဲ့ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။


အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄၊
မန္တလေး – အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ x ၇၈) ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၁၅၊ ၀၉ ၂၅၅၇၇၇၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။

# မြန်မာယူ-၂၂ အသင်း မလေးရှားနှင့် ခြေစမ်းပွဲကစားရန် ယနေ့ထွက်ခွာမည်

**ရန်ကုန် ဇူလိုင် ၁၀**

အာရှယူ-၂၃ ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် မြန်မာယူ-၂၂ အသင်းနှင့် မလေးရှားယူ-၂၂ အသင်းတို့ ဇူလိုင် ၁၃ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် မြန်မာယူ-၂၂အသင်းသည် ဇူလိုင် ၁၁ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။



မြန်မာယူ-၂၂ အသင်းခေါင်းဆောင် စည်သူအောင်။

မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းအိမ်ရှင် မလေးရှားယူ-၂၂ အသင်းနှင့် ဆီးဂိမ်းပြိုင်ပွဲအုပ်စုမဲခွဲရာတွင် တစ်အုပ်စုတည်းကျရောက်နေသော်လည်း နှစ်ဖက်ဘောလုံးအဖွဲ့ချုပ်၏ သဘောတူညီမှုအရ ခြေစမ်းပွဲကစားခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် အာရှယူ-၂၃ ခြေစစ်ပွဲအတွက် လေးနိုင်ငံယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် ဆက်လက်ပြင်ဆင်ခဲ့ပြီး ပဏာမ ကစားသမားများအနက် ၂၂ ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂အသင်းသည် မလေးရှားအသင်းနှင့်ခြေစမ်းပွဲအပြီးတွင် အာရှယူ-၂၃ ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ခြေစမ်းပွဲကစားမည့် မြန်မာယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂဝတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်၊ ဦးအောင်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ ပိုပေါ့စကီး၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ဝေလင်းအောင်၊ နောက်တန်း နန်းဝေမင်း၊ ထိုက်ထိုက်အောင်၊ နိုင်လင်းထွန်း၊ သီဟထက်အောင်၊ သောင်လျှပ်ထျှန်၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ အလယ်တန်း ရဲရင့်ထွန်း၊ ဇေယျာနိုင်၊ လှိုင်းဘိုဘို၊ မောင်မောင်စိုး၊ ရန်ပိုင်စိုး၊ ရန်နိုင်ဦး၊ စည်သူအောင်၊ ငြိမ်းချမ်းအောင်၊ မောင်မောင်လွင်၊ ရှေ့တန်း အောင်သူ၊ အောင်ကောင်းမာန်နှင့် ရွှေကိုတို့ ပါဝင်ကြသည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှယူ-၂၃ ခြေစစ်ပွဲ အုပ်စု(F)ကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို တွေ့ရစဉ်။

# နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ်

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (နတ်မောက်)နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)တို့ကို အခမဲ့ဖွင့်လှစ်ပြသမည်

**နေပြည်တော် ဇူလိုင် ၁၀**

နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)တို့ကို

**စာမျက်နှာ ၃ ကော်လံ ၅ သို့**



အာကာမြင့်(ရန်ကုန်)-မိုးထက်အောင်(ကရင်)

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကကြီးမှူးပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ၂၀၁၇ ခုနှစ် (၁၅) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများကို ဝိတ်တန်းအလိုက် ကျင်းပရာ စုစုပေါင်း ၁၂ ပွဲဖြစ်ပြီး လူသစ်တန်း ၄၈ ကီလိုဗိုလ်လုပွဲတွင် သက်ပိုင်ဖြိုးကိုဦး(တနင်္သာရီ)က မျိုးမင်းဟန်(ခ) အောင်နိုင်ဦး (ကရင်)အား အမှတ်ဖြင့်သော်လည်းကောင်း၊ လူသစ်တန်း ၅၁ ကီလိုတန်းတွင် ဝင်းကိုထက်(မွန်)က ဇော်ထိုက်(ဧရာဝတီ)အား ဒုတိယအချီ ၅၈ စက္ကန့်တွင်အလဲထိုး၍လည်းကောင်း၊ ၅၄ ကီလိုတန်းတွင် လွင်ဦးမောင်(မွန်)က ပိုင်မင်းဟန်(စစ်ကိုင်း)အား ပထမအချီ ၂၀ စက္ကန့်တွင် အလဲထိုး၍လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

လူသစ်တန်း ၅၇ ကီလိုတန်းဗိုလ်လုပွဲတွင် ဇော်ထက်အောင်(စစ်ကိုင်း)က ဟိန်းသူအောင်(မွန်)အား အမှတ်ဖြင့်လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ထွန်းထွန်းဝင်း(ကချင်)က ဝေလင်းအောင်(စစ်ကိုင်း)အားအမှတ်ဖြင့်လည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ဇော်သန်း(ကရင်)က အောင်သူ(မွန်)အား အမှတ်ဖြင့်လည်းကောင်း၊ ၆၇ ကီလိုတန်းတွင် မျိုးမင်းထွန်း(ကချင်)က မျိုးသိမ်(ရန်ကုန်)အား ဒုတိယအချီ ၂ မိနစ် ၃၈ စက္ကန့်တွင်အလဲထိုး၍လည်းကောင်း၊ ၇၁ ကီလိုတန်းတွင် အောင်မင်းသူ(ခ)စောကျော်ခလိန်ဖောင်(ကရင်)က သားကြီးမြကံသာ(မန္တလေး)အား ဒုတိယအချီ ၁ မိနစ် ၅၂ စက္ကန့်တွင် အလဲထိုး၍လည်းကောင်း အသီးသီး အနိုင်ရရှိသည်။

၇၅ ကီလိုတန်းဗိုလ်လုပွဲတွင် ကျော်မျိုးထွန်း(စစ်ကိုင်း)က မင်းမင်းစိုး(တနင်္သာရီ)အား အမှတ်ဖြင့်လည်းကောင်း၊ (ဂ)အဆင့် ၄၈ ကီလိုတန်းဗိုလ်လုပွဲတွင် စောကျော်အဲပညာ (ကရင်)က ဝေယံထက်(ပဲခူး)အား ပထမအချီ ၁ မိနစ် ၅၅ စက္ကန့်တွင် အလဲထိုး၍လည်းကောင်း၊ (ဂ)အဆင့် ၅၁ ကီလိုတန်းတွင် လှိုင်းထက်အောင်(ကရင်)က စောဝဏ္ဏထွန်း (မွန်)အား အမှတ်ဖြင့် လည်းကောင်း၊ (ဂ)အဆင့် ၅၄ ကီလိုတန်းတွင် အာကာမြင့်(ရန်ကုန်)က မိုးထက်အောင်(ကရင်) အား အမှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရဗိုလ်စွဲကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-ဇာဏီ**

